# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၃)၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ၂၂-၁၂-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ခရိုင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက်ပိုမို တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

# ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် MSME လုပ်ငန်းများဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ သိရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ပြည်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၂၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ တနင်္လာနေ့။
မန္တလေးနေ့စဉ်

## စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အထောက်အပံ့အဖြစ် ရုရှားနိုင်ငံ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက် Agriculture Development ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ရုရှား-မြန်မာ သဘာဝရွက်ဖျန်းမြေသြဇာစက်ရုံ ပန္နက်တင်မင်္ဂလာနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာအုပ်စု အကွက်အမှတ် (၁၆၆၂)၌ ကျင်းပခဲ့သည်။ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားရာတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်အထောက်အကူပြုမည့် အရေးပါသည့် စီမံကိန်းတစ်ခု၏ ကနဦးခြေလှမ်းဖြစ်ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ချေချန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (FUND RC-Investments)၏ RUMA Organic ကုမ္ပဏီအနေဖြင့် ပျဉ်းမနားခရိုင်၊ နေပြည်တော်ကောင်စီနယ်မြေတွင် သဘာဝရွက်ဖျန်းမြေသြဇာများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့ပါကြောင်း၊ ဤစီမံကိန်းအပေါ် မိမိတို့ ယာယီသမ္မတက အထူးအလေးထားပြီး မြန်မာ-ရုရှား နှစ်နိုင်ငံ ခိုင်မာသည့်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုပြသရန် အခွင့်အရေးတစ်ရပ်ဖြစ်သည့်အတွက် စက်ရုံကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အမြန်ဆုံးဆောက်လုပ်နိုင်ရေး အထူးအလေးထား ဆောင်ရွက်စေလိုပါကြောင်း၊ သဘာဝမြေသြဇာရွက်ဖျန်းအားဆေးရည်ကိုပြည်တွင်းတွင် ထုတ်လုပ်နိုင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ ကုန်ကျစရိတ်လျော့နည်းစေမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှု လျော့ချစေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

FUND RC-Investments မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Artemi Alimov က မြန်မာစိုက်ပျိုးရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ Embassy Counsellor ဖြစ်သူ Mr. Andrei Lunak က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စက်ရုံတည်ဆောက်၍ သဘာဝရွက်ဖျန်းမြေသြဇာများ ထုတ်လုပ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေးဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ကြိုတင်ဆန္ဒမဲ ပေးနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၁**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့နှင့် ယင်းနေ့ မတိုင်မီ နိုင်ငံတော်တာဝန်များဖြင့် ခရီးဝေးသွားလာကြသည့် ဝန်ထမ်းများကြိုတင်ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်က စတင်၍ မန္တလေး၊ အောင်မြေသာစံမြို့နယ်တွင် ဆောင်ရွက်ကြသည်။

အဖွဲ့နှစ်ဖွဲ့ ခွဲကာ အဆိုပါ ကြိုတင်ဆန္ဒမဲပေးကြရာတွင် ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း ၂၅၈ ဦးတို့က သတ်မှတ်နေရာအသီးသီးသို့ သွားရောက်မဲပေးကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူး ဝင်းမျိုးထွန်း၊ အတွင်းရေးမှူး ရဲမှူး လှမိုး(မြို့နယ်ရဲတပ်ဖွဲ့မှူး)နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်ထက်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက အဖွဲ့နှစ်ဖွဲ့ခွဲကာ မြို့နယ်အတွင်းရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးများ၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက် ရွေးကောက်ပွဲ ကျင်းပသည့်ရက်နှင့် ယင်းရက်မတိုင်မီ နိုင်ငံတော်တာဝန်များဖြင့် ခရီးဝေးသွားလာကြသည့် ဝန်ထမ်းများ ကြိုတင်ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုကြသည်။

ထိုသို့လှည့်လည်ကြည့်ရှုရာ၌ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခြင်းနှင့် မဲရုံစောင့်တာဝန်ကျလုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးအထူးဂရုစိုက်ဆောင်ရွက်ရေးမှာကြားခဲ့ကြောင်း သိရသည်။ (ဝဇ၃)

## မန္တလေး စက်မှုလက်မှုသိပ္ပံ(၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေး စက်မှုလက်မှုသိပ္ပံ (M.G.T.I)ကျောင်းသား၊ ကျောင်းသူများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဝိဇိတာရုံကျောင်းတိုက် သာသနာ့ဟိတကာရီဓမ္မဗိမာန်၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အာစရိယပူဇော်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ နာယက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင် (81/C/MDY)က အဖွင့်နှုတ်ခွန်းဆက်စကားကို ပြောကြားပြီးနောက် ပူဇော်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဦးသိန်းဇော် (79/C/MDY)က ပူဇော်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပူဇော်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဘဏ္ဍာရေးမှူး ဒေါ်စန်းစန်းဝင်း(79/C/MDY) ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီးနောက် ကျောင်းသား၊ ကျောင်းသူဟောင်းအလှူရှင်အသီးသီးတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နာယကများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အာစရိယပူဇော်ပွဲကျင်းပရေးလုပ်ငန်းကော်မတီမှ M.G.T.I နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ကော်မတီဝင်ဟောင်းကြီးများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို တစ်ဦးချင်း ပေးအပ်ကြပြီးနောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ဩကာသကန်တော့ချိုးဖြင့် ရိုသေစွာ ရှိခိုးကန်တော့ကြသည်။

ဆက်လက်၍ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးအသက်(၈၀)နှစ်အထက် တစ်ဦးလျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် ၁၀ ဦး၊ အသက်(၆၀)နှစ်အထက် တစ်ဦးလျှင်ငွေကျပ် ခြောက်သိန်းနှုန်းဖြင့် ၆၄ ဦး စုစုပေါင်း ဆရာကြီး၊ ဆရာမကြီး ၇၄ ဦးတို့အား ပူဇော်ပွဲကျင်းပရေးလုပ်ငန်းကော်မတီကျောင်းသား၊ ကျောင်းသူများက တစ်ဦးချင်းပေးအပ်ပူဇော်ကန်တော့ကြသည်။



ယင်းနောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဦးတင်ဝင်း(ကျောင်းအုပ်ကြီး)က ဩဝါဒစကား ပြောကြားချီးမြှင့်ပြီး မန္တလေးစက်မှုလက်မှုသိပ္ပံ ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ဦးခင်မောင်ညွန့်(83/C/MDY) က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားကာ အခမ်းအနားကို အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

**တိုင်းသူ ပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက် ရှို့ရှို့၊ စစ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

◌ ရှေ့ဖုံးမှ

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား အသီးသီးတင်ပြ**

ဦးစွာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြည်မြို့သာယာလှပရေးဆောင်ရွက်ထားရှိမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေး ဇုန်အလိုက်သတ်မှတ်၍ မွေးမြူဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိမှု၊ ခရိုင်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေး ဆောင်ရွက်လျက်ရှိမှု၊ မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေရေး နိုင်ငံတော်မှဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ခရိုင်အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှုနှင့် ဥယျာဉ်ခြံမြေသီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှု၊ ဆီထွက်သီးနှံ နှမ်းအား ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်ခရိုင်အတွင်း ဒေသဝမ်းစာဖူလုံမှုရှိစေရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း စိုက်ပျိုးရေ တိုးတက်လွှမ်းခြုံဖြန့်ဝေပေးဝေနိုင်မှု၊ ပြည်ပပို့ကုန်ဈေးကွက်သစ်ရရှိရေးအတွက် ပေါ်ဆန်းမွှေးမျိုးစပါးအား စမ်းသပ်စိုက်ပျိုးလျက်ရှိမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိမှုနှင့် ဆီဖူလုံမှု၊ ခရိုင်အတွင်း အသား၊ ဥ၊ နို့ ထုတ်လုပ်မှု၊ စားသုံးမှုနှင့်ဖူလုံမှု၊ ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ငါးထုတ်လုပ်မှုနှင့်ဖူလုံမှု၊ တိုင်းဒေသကြီးအတွင်း လိုအပ်ချက်ရှိသည့်နေရာများ၌ ပညာရေးဝန်ထမ်းများ ဖြည့်တင်းခန့်အပ်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့မမြို့ဖများက နိုင်ငံတော်အနေဖြင့် ပြည်မြို့ကမ်းနားလမ်းတစ်လျှောက်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိမှု၊ ပြည်မြို့ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးစေလိုမှု၊ ရထားခရီးစဉ်ပြေးဆွဲမှုအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှချေးငွေများ ထပ်မံချထားပေးစေလိုမှု၊ ပြည်မြို့အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးစေလိုမှု၊ ပြည်တွင်းဆီစက်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်၍လည်း ဈေးကွက်ဝေစုပိုမိုရရှိရေး၊ လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့်မူဝါဒများကို ဆက်လက်လမ်းညွှန်ပေးစေလိုမှု၊ ပြည်တွင်းခရီးသွားလာမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အများသုံး သန့်စင်ခန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

**တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်တို့က ဝန်ကြီးဌာနများအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်တစ်ဝန်း တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိမှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ်မှစ၍ ယခုနှစ်အထိ နှစ်အလိုက် အမှုအခင်းများဖြစ်ပွားမှုနှင့် တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်ကို တွေ့ရှိရမှု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုမှ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်သွားရန်လိုအပ်မှု၊ မကြာမီကျင်းပပြုလုပ်သွားမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို အင်ပြည့်အားပြည့် ဆောင်ရွက်သွားနိုင်ရေးစီမံထားရှိမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူကို ဗဟိုပြုသည့် လုံခြုံရေးစနစ်ဖြစ်သဖြင့် ပြည်သူလူထုတစ်ရပ်လုံးမှလည်း လုံခြုံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည့် ပူးပေါင်းပါဝင်မှုများကို ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုမှု၊ သရေခေတ္တရာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအတွင်း စနစ်တကျဖြစ်စေရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေး၊ ဝန်ဆောင်မှုနှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ မြို့ဟောင်းကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ၊ ကျုံးများပြန်လည်တူးဖော်ရန် ဆောင်ရွက်လျက်ရှိမှု၊ ဆီစက်လုပ်ငန်းများမှထွက်ရှိလာသည့် ကြိတ်ဖတ်များသည် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှတိရစ္ဆာန်အစာများ တင်သွင်းနေမှုကို လျှော့ချနိုင်မှု၊ ဆီစက်လုပ်ငန်းများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်ငွေကြေးများအား နိုင်ငံတော်မှစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှု၊ ပြည်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဆက်လက်တူးဖော်ထွက်ရှိနိုင်မှု၊ ပြည်ရေနံမြေမှ ရေနံထုတ်လုပ်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မှုနှင့် ပြည်တောင်တန်းရေနံမြေမှ သဘာဝဓာတ်ငွေ့များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ ပြည်ဒေသတွင် နိုင်ငံအတွက် စွမ်းအင်အရင်းအမြစ် အဆောက်အအုံများရှိမှု၊ အခြေခံအရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုမှုတို့နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးအဆင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်သို့ တင်ပြဆောင်ရွက်သွားရန်လိုသည်များကို ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ စာမျက်နှာ ၄ သို့ ◌

❂ စာမျက်နှာ ၃ မှ

### တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိတို့စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ပညာရေးဝန်ထမ်းအများစုသည် လုပ်ငန်းခွင်စွန့်ခွာမှုများကို သစ္စာမဲ့စွာဖြင့် လုပ်ဆောင်ခဲ့ကြသောကြောင့် နိုင်ငံအတွင်း ပညာရေးဝန်ထမ်းများ လိုအပ်ချက်ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ အချို့ပညာရေးဝန်ထမ်းများအနေဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခံရမှု၊ ဖိအားပေးခံရမှု၊ နိုင်ငံရေးဝါဒမှိုင်းရိုက်ခတ်မှုတို့ကြောင့် လုပ်ငန်းခွင်စွန့်ခွာခဲ့ရမှုများရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ထိုသို့စွန့်ခွာခဲ့ရသူများအား အခွင့်အရေးပေးသည့်အနေဖြင့် ပြန်လည်သတင်းပို့သူများကို လုပ်ငန်းခွင်စွန့်ခွာသူများစာရင်းမှ ပယ်ဖျက်ပေးခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်၍ တာဝန် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်စွန့်ခွာမှုများကို ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများက အများဆုံးလုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှု အခက်အခဲ အကျပ်အတည်းများ၊ နိုင်ငံရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ၊ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာရေးဝန်ထမ်းလိုအပ်ချက်များ စသည်တို့ကို နည်းလမ်းမျိုးစုံဖြင့် ကျော်လွှားခဲ့ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းကြရန်လိုပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာ သိမြင်ကြရန်လိုကြောင်း၊ တင်ပြချက်များတွင်ပါဝင်သည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့်လည်း အင်တိုက်အားတိုက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ရှိသည့် အဖွဲ့အစည်းများအပြင် ပြည်သူလူထုတစ်ရပ်လုံးမှလည်း ဝိုင်းဝန်းပါဝင်မှသာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အများသုံးသန့်စင်ခန်းများ အဆင့်မြှင့်တင်ရေးနှင့် သန့်ရှင်းမှုရှိစေရေးကြပ်မတ်ဆောင်ရွက်ပေးစေလိုမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ထမ်းများအပြင် စည်းနှင့်ကမ်းနှင့် သုံးစွဲတတ်သည့်၊ နေထိုင်သွားလာတတ်သည့် လူ့ဘောင်အဖွဲ့အစည်းနှင့် လူ့အသိုက်အဝန်းများဖြစ်ရန်လည်းလိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများ ကတည်းကပင် အခြေခံစည်းကမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကပင်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံးစည်းကမ်းကောင်းမွန်ရေးအတွက် အားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြမှသာလျှင် စည်းကမ်းစနစ်တကျရှိပြီး သန့်ရှင်းသာယာလှပသည့် ဒေသ၊ မြို့တော်နှင့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘောဘောကြီးစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

**☆ တစ်မျိုးသားလုံး စည်းကမ်းကောင်းမွန်ရေးအတွက် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြမှသာလျှင် စည်းကမ်းစနစ်တကျရှိပြီး သန့်ရှင်းသာယာလှပသည့် ဒေသ၊ မြို့တော်နှင့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်**

**☆ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှလည်း အားပေးဆောင်ရွက်လျက်ရှိ၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ပြည်တွင်းလည်ပတ်သုံးစွဲငွေများ များလာခြင်း၊ Non-Trade Income များ ရရှိလာခြင်း၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချရခြင်း၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုလည်ပတ်လာစေခြင်းတို့ကိုလည်း ဖြစ်ပေါ်လာစေမည်**

### ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေး

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့်ပတ်သက်၍ ခရီးသွားကဏ္ဍတွင် တည်းခိုရေး၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှု၊ လက်ဆောင်ပစ္စည်းများရောင်းချခြင်း စသည့်တို့ပါဝင်နေကြောင်း၊ ပြည်တွင်းခရီးသွားလာမှုတွင် ဘုရားဖူးခရီးသွားခြင်းသည် အများဆုံးဖြစ်ကြောင်း၊ မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ဝန်ဆောင်မှုကောင်း ပေးနိုင်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရန်လိုကြောင်း၊ မိမိတို့ဒေသသို့ လာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် ဒေသ၏အထင်ကရနေရာများ၊ ဒေသ၏သာယာလှပမှုများကို ခံစားလည်ပတ်နိုင်ရန် လိုကြောင်း၊ ထို့ကြောင့် တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန်ဆောင်ရွက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အအုံများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် ဒေသသာယာလှပမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့တွင်း ရေစီးရေလာများ ကောင်းမွန်စေရေးအတွက်လည်း အမှိုက်များကင်းစင်အောင် ဆောင်ရွက်သကဲ့သို့ ဒေသသာယာလှပရေးအတွက် မည်ကဲ့သို့ ကောင်းမွန်အောင် ဆောင်ရွက်မည်ကို စဉ်းစားတွေးခေါ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသခံများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြစ်ရန်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများအတိုင်း လိုက်နာနေထိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို လိုက်နာမှုမရှိဘဲ ကျော်လွန်လုပ်ဆောင်ခဲ့မှုများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကန့်သတ်ချက်များဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ပြည်တွင်းလည်ပတ်သုံးစွဲငွေများ များလာခြင်း၊ Non-Trade Income များ ရရှိလာခြင်း၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချရခြင်း၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုလည်ပတ်လာစေခြင်း တို့ကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် ဒေသနှင့်နိုင်ငံတော်၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ပြီး စီးပွားရေးအားကို မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ ဆိုသည့်အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန် လိုပြီး ပြည်တွင်းမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးအား ကောင်းမွန်လာစေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ခေတ်အဆက်ဆက် အစိုးရများအနေဖြင့်လည်း နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များ အများအပြားချမှတ်ဆောင်ရွက်ခဲ့ကြပြီး အောင်မြင်သည်များရှိခဲ့ သကဲ့သို့ မျှော်မှန်းသည့်အတိုင်း ဖြစ်မလာခဲ့သည်များလည်းရှိကြောင်း၊ ထို့ပြင် ကျင့်သုံးဆောင်ရွက်ခဲ့သည့် နိုင်ငံရေးစနစ်များ၌ အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ် ဖြစ်ပေါ်လာမှုများ၊ သယံဇာတများ ခိုးထုတ်ခံရမှုများ၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းမှုများလည်း ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည်များလည်းရှိခဲ့ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တစ်ဧကပန်းတိုင် ရည်မှန်းချက်ပြည့်မီစွာ ထွက်ရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေကြသူများကို မြေပြင်ကွင်းဆင်း၍ လိုအပ်ချက်များ သုတေသနပြုမေးမြန်းခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီစွာဆောင်ရွက်နိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းလာမည် ဖြစ်သကဲ့သို့ သွင်းကုန်ပစ္စည်းများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ် တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများစွာ သုံးစွဲနေရကြောင်း၊ ပြည်ခရိုင်အတွင်း စားသုံးဆီဖူလုံမှုမှာ ၅၀၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရှိရပြီး ဆီထွက်သီးနှံများကို ယခုထက်ပိုမိုတိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ပြည်ခရိုင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက်ပိုမို တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ MSME ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပစ္စည်းအရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်သကဲ့သို့ ထုပ်ပိုးမှုစနစ်များကိုလည်း အဆင့်မီစွာဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်တွင်း MSME လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်များဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများရှိပြီး ဝါများမှတစ်ဆင့် အရည်အသွေးပြည့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် MSME လုပ်ငန်းများကို ဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ခရိုင်အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ဒေသတွင်းဖူလုံမှုမှ ပိုလျှံသည်များကို ရန်ကုန်တိုင်းဒေသကြီးသို့ တင်ပို့ရောင်းချနိုင်ကြောင်း။

စာမျက်နှာ ၅ သို့ ❂

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၁

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်ရှိ အရာရှိ၊စစ်သည်၊ မိသားစုများအား မြဇရာတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေသည် အစဉ်အလာရှိသည့် နယ်မြေတစ်ခုဖြစ်ပြီး ယခင်ကတည်းက KNU သောင်းကျန်းမှုများ၊ ဗကပ သောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရကြောင်း၊ နောက်ပိုင်းတွင် နယ်မြေအခြေအနေများ ငြိမ်သက်လာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် တပ်မတော်က နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်တွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်မှုများ လုပ်ဆောင်လာခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် "အမြဲတိုက်ပွဲဝင်အသင့်" ( Fit for Fight ) ဖြစ်နေရန်လိုကြောင်း၊ ထိုသို့ အမြဲတိုက်ပွဲဝင် အသင့်ဖြစ်နေရန်အတွက် တပ်မတော်သားတစ်ဦးချင်း အနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ ထို့ကြောင့် နေ့စဉ်ဆောင်ရွက်ရမည့် ကြံ့ခိုင်ရေးလုပ်ငန်းများကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန် လိုကြောင်း၊ မိမိတို့အသက်အရွယ်နှင့် ကိုက်ညီပြီး ကျန်းမာကြံ့ခိုင်သည့် ခန္ဓာကိုယ်အချိုးအစားဖြစ်အောင် နေထိုင်စားသောက်ပြီး တစ်ကိုယ်ရေ ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်နေမှသာ မိမိတို့ထမ်းဆောင်ရမည့်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း၊ အလားတူ သွားလာနေထိုင်မှုများတွင်လည်း **"သွားသတိ၊ လာသတိ"** ဖြင့် သွားလာနေထိုင်ကြမည်ဆိုပါက ကျရောက်လာမည့် အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ သတိဟူသည်မှာ ပိုသည်မရှိကြောင်း။

**❖ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် "အမြဲတိုက်ပွဲဝင်အသင့်" (Fit for Fight) ဖြစ်နေရန်လို၊ အမြဲတိုက်ပွဲဝင်အသင့် ဖြစ်နေရန်အတွက် တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်လို**

**❖ နေ့စဉ်ဆောင်ရွက်ရမည့် ကြံ့ခိုင်ရေးလုပ်ငန်းများကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန်လို၊ မိမိတို့အသက်အရွယ်နှင့်ကိုက်ညီပြီး ကျန်းမာကြံ့ခိုင်သည့် ခန္ဓာကိုယ်အချိုးအစားဖြစ်အောင် နေထိုင်စားသောက်ပြီး တစ်ကိုယ်ရေကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လို**

**❖ ကျန်းမာကြံ့ခိုင်နေမှသာ မိမိတို့ထမ်းဆောင်ရမည့်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်**

တိုက်ပွဲဝင်ရာတွင် ရဲစွမ်းသတ္တိရှိရန်လိုကြောင်း၊ တိုက်ပွဲများတွင် ရဲစွမ်းသတ္တိရှိရှိဖြင့် သင်ကြားတတ်မြောက်ထားသည့် စစ်ပညာရပ်များကို လက်တွေ့စစ်မြေပြင်တွင် အသုံးချပြီး အောင်မြင်စွာတိုက်ခိုက်နိုင်ရန်လိုကြောင်း၊ ရဲစွမ်းသတ္တိဆိုသည်မှာ မိုက်ရူးရဲဆန်စွာ လုပ်ဆောင်ခြင်းမဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ရဲကိုင်ရဲသည့်စိတ်ဓာတ်ဖြင့် သတ္တိရှိရှိလုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း တာဝန်များကို သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကျွမ်းနေအောင် လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ ထိရောက်သောပစ်ခတ်မှုများဖြစ်ရန်အတွက် မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်များ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန်လိုကြောင်း။

စာမျက်နှာ ၆ သို့ ✳

✪ စာမျက်နှာ ၄ မှ

### လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် မဲမသမာမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်များ၏ ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း နိုင်ငံနှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန် အရေးသုံးပါးကို လေးစားလိုက်နာဆောင်ရွက်နိုင်သူ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးအမြင်ရှိသူ၊ နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းဖြစ်သည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း၊ သို့ဖြစ်၍ ဆန္ဒမဲများပေးရာတွင် လူရွေးချယ်မှု မှန်ကန်ရန်လိုပြီး နိုင်ငံတော်က လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်ပါက မဲစာရင်းတွင် ပါဝင်သူများအားလုံး ဆန္ဒမဲပေးကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့်ပြည်ခရိုင်အတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ လယ်ယာသုံး ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်ရှိ ဒွတ္တဘောင်မင်းကြီး တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် အထင်ကရစေတီတစ်ဆူဖြစ်သည့် ဘောဘောကြီးစေတီသို့ ရောက်ရှိကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက စေတီတော်ကြီးအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရှေးဟောင်းအမွေအနှစ်လက်ရာများ၊ ဘုရား၊ စေတီများ၊ အဆောက်အအုံများသည် တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း၊ စေတီတော်ကြီး လုံးပတ်တော်ပေါ်၌ သစ်ပင်ငယ်များပေါက်ရောက်နေခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် စဉ်ဆက်မပြတ် ဖယ်ရှားရှင်းလင်းသွားရန်လိုကြောင်း၊ စေတီတော်ပရိဝုဏ်နှင့်အနီးတစ်ဝိုက်တွင် ချုံနွယ်များအား ရှင်းလင်းခြင်း၊ သစ်ပင်ကြီးများအား အောက်ခြေရှင်းအလင်းဖွင့်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။

ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညို၍ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်မြို့ မှော်ဇာကျေးရွာအုပ်စု သရေခေတ္တရာ ပျူမြို့ဟောင်းအတွင်းရှိ မန္တလေးလျောင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် လက်သည်းရေကန်ကျောင်းတိုက်(ခ)သုံးပန်လှကျောင်းဝင်းအတွင်းရှိ နှစ်ထပ်အုတ်တိုက်အား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ နယ်မြေခံတပ်မတော်ဆေးရုံရှိ အမျိုးသမီးကုသဆောင်တွင် တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

* စာမျက်နှာ ၅ မှ

သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရေး အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့်မူဝါဒနှင့်အညီ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ် လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေစေရေး မိမိတို့ နေ့စဉ်ဆောင်ရွက်နေရသည့် သမားစဉ်လုပ်ငန်းရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန် လိုကြောင်း၊ သင်ကြားပေးထားသည့်စစ်အတတ်ပညာများအား ပြန်လည်လေ့ကျင့်ခြင်းနှင့် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေခြင်းသည် အမြဲလေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် တပ်မတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့တစ်ဦးချင်း၏ ဝင်ငွေနှင့် ထွက်ငွေကို ညီညွတ်မျှတစွာ သုံးစွဲကြရန်လိုကြောင်း၊ အရက်၊ ကွမ်း၊ ဆေးလိပ် စသည့်အသောက်အစားများနှင့် အပျော်အပါးများကို တတ်နိုင်သမျှ ရှောင်ရှားကြရန်လိုပြီး မိမိကိုယ်ကို ထိန်းသိမ်းကြရန်လိုကြောင်း၊ တပ်မတော်သားများသည် အသက်နှင့်ရင်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တာဝန်ထမ်းဆောင်ကြရခြင်းဖြစ်သဖြင့် မိမိတို့၏ဘဝကို တန်ဖိုးထားကြရန်လိုကြောင်း။

လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေးအတွက် အမြဲဆောင်ရွက်နေကြကြောင်း၊ ကြိုးစားအားထုတ်မှုကောင်းမွန်သည့်သူများသည် ဘဝတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်ကြကြောင်း၊ ထို့ကြောင့် မိမိတို့ဘဝတိုးတက်ရေးအတွက် မိမိကိုယ်ကို စောင့်ထိန်းပြီး ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ တပ်မတော်သားများ၏ လစာနှင့် စရိတ်များ၊ ရိက္ခာများပြည့်ပြည့်ဝဝ ရရှိစေရေး၊ အဆင့်အတန်းမီစွာဖြင့် ဝတ်စားဆင်ယင် နေထိုင်နိုင်ရေးတို့ကို တပ်မတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးနှင့်ပတ်သက်၍ **“အသိပညာသည် လူကောင်းဖြစ်စေပြီး အတတ်ပညာသည် လူတော်ဖြစ်စေ”** ကြောင်း၊ **အသိပညာတိုးတက်ရန်အတွက် အတန်းပညာရှိရန် လိုကြောင်း၊ အသိပညာ၊ အတတ်ပညာ၊ အတန်းပညာမြင့်မားစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊** ပညာရေးသည် လူတစ်ဦးချင်း၏ ဘဝကို မြင့်မားစေကြောင်း၊ ထို့ကြောင့် ဗဟုသုတအတွေးအခေါ်များရရှိစေမည့် စာအုပ်စာပေများကို အမြဲလေ့လာဖတ်ရှုနေရန် လိုကြောင်း၊ အလားတူ မိမိတို့၏သားသမီးများ၏ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများ ဖတ်ရှုစေရေးအတွက်လည်း အမြဲတိုက်တွန်း ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့၏ ဘဝထက်သာလွန်သည့် ဘဝများရရှိစေရေး မိမိတို့၏ သားသမီးများကို မြေတောင်မြှောက်ပေးကြစေလိုကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ချီးမြှင့်မှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်၏ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ **တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး ပြည်သူနှင့်လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊** ထို့ကြောင့် **ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန်လိုကြောင်း၊** မိမိတို့တွေ့ကြုံရသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ မိမိကိုယ်ကိုသော်လည်းကောင်း၊ မိမိတို့တပ်မတော်ကိုလည်းကောင်း၊ မိမိတို့နိုင်ငံတော်အတွက်လည်းကောင်း ကောင်းမွန်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

မကြာမီကာလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ကျင်းပပြုလုပ်တော့မည် ဖြစ်ကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာစောင့်ထိန်းနိုင်သူ၊ ဒေသနှင့်နိုင်ငံအကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သူ၊ တပ်မတော်နှင့် လက်တွဲ၍နိုင်ငံ့အကျိုးကို အမှန်တကယ်သယ်ပိုးဆောင်ရွက်နိုင်သူများကို ရွေးချယ်ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့အား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း အမျိုးသမီးကုသဆောင်တွင် တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များအား တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ မေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

- ❖ **“အသိပညာသည် လူကောင်းဖြစ်စေပြီး အတတ်ပညာသည် လူတော်ဖြစ်စေ”၊ အသိပညာတိုးတက်ရန်အတွက် အတန်းပညာရှိရန်လို**
- ❖ **အသိပညာ၊ အတတ်ပညာ၊ အတန်းပညာမြင့်မားစေရေး ဆောင်ရွက်ရမည်ဖြစ်**
- ❖ **တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းဖြစ်ပြီး ပြည်သူနှင့်လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်**
- ❖ **ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန်လို**

# ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့မှ ပြည်သူများ၊ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား အနုပညာရှင်များ ဖျော်ဖြေတင်ဆက်



နောင်ချို ဒီဇင်ဘာ ၂၁

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ နောင်ချိုမြို့မှ ပြည်သူများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား သွားရောက်ဖျော်ဖြေတင်ဆက်ကြသည်။

နံနက်ပိုင်းတွင် ကျောက်မဲမြို့မှ ထွက်ခွာပြီး နောင်ချိုမြို့မှ ၁၆ မိုင် အကွာရှိ နောင်ချိုကြီး တိမ်ပင်လယ် ရှုခင်းသာကို သွားရောက်လေ့လာကြသည်။

ထိုနောင်ချိုကြီး တိမ်ပင်လယ် ရှုခင်းသာနေရာ၌ အပန်းဖြေနေရာ ခုနစ်ခုမှ ပြည်တွင်း/ပြည်ပ ခရီးသွားများအတွက် တည်းခိုနေထိုင် အပန်းဖြေနိုင်ရန်နှင့် သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရန်အတွက် ပြင်ဆင်ထားရှိရာ ယခုအခါ ခရီးသွားဧည့်သည်များ ပြန်လည် ဝင်ရောက်လာနေပြီဖြစ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး တွေ့ဆုံပွဲ ကျင်းပမည့် နောင်ချိုမြို့ အားကစားရုံသို့ ရောက်ရှိကြရာ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး အနုပညာရှင်များနှင့် အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာ အားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး တွေ့ဆုံပွဲကို ကျင်းပရာ " ရှေ့သို့ချီမည် ပန်းတိုင်ဆီ" video clip ကို ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာ အားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ရှမ်းမြောက်ဒေသရှိ မြို့နယ်များ ပြန်လည် ထိန်းချုပ်နိုင်အောင် သက်စွန့်ဆံဖျား ဆောင်ရွက်ပေးခဲ့ကြသည့်တပ်မတော်သားများအား အထူးကျေးဇူးတင်ပါကြောင်း၊ တစ်ဆက်တည်းတွင် မြို့ရွာဒေသအား ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နေကြသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်နေကြသော ပြည်သူလူထုကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်ပြီး အားတက်သရော ဝိုင်းဝန်းပူးပေါင်း ပါဝင် ဆောင်ရွက်ကြပါရန်နှင့် မကြာမီကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးတွင်လည်း နောင်ချိုမြို့နယ်အတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖော်ဆောင်ပေးနိုင်မည့်သူများကို ရွေးချယ်ပြီး ဆန္ဒပြုမဲပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ရှေ့တန်းရောက် တပ်မတော်သားများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ခေါက်ဆွဲခြောက်၊ ငါးခြောက်ကြော်၊ ငံပြာရည်ချက်၊ လက်ဖက်အကြော်စုံနှင့် ကော်ဖီထုပ်များ အပါအဝင် စားသောက်ဖွယ်ရာများ၊ နောင်ချိုတပ်နယ်နှင့် ဌာနဆိုင်ရာများအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၄၅ ဆူနှင့် MRTV DTH စလောင်းနှင့် ဆက်စပ်ပစ္စည်း အစုံ ၃၀၊ MRTV DVB – T2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။ ယင်းနောက် နောင်ချိုတပ်နယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖျော်ဖြေတင်ဆက်ကြမည့် အနုပညာရှင်များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကို ဆောင်ရွက်ရာ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်/တေးသံရှင် သံသာမိုးသိမ့်၊ တေးသံရှင် စစ်သွေး၊ ထက်အဥ္စလီ၊ ပိုးဖြူဖြူ၊ နွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျာႏရအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးကေရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေ၊ ခတ္တာတို့က သီဆိုဖျော်ဖြေကြရာပရိသတ်များကလည်း ပျော်ရွှင်စွာ သီဆိုကခုန်ကာ ပါဝင်ဆင်နွှဲကြသည်။

ညနေပိုင်းတွင် ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြပြီး စစ်တက္ကသိုလ်ရှိ အနော်ရထာခန်းမ၌ စစ်တက္ကသိုလ်နှင့် တပ်မတော် နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား ဖျော်ဖြေတင်ဆက်ပွဲ ပြုလုပ်ရာ ဦးစွာ ပြင်းထန်သည့် မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည် တည်ဆောက်ကြမည့် ပိုမိုကောင်းမွန်သော အနာဂတ်နှင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ Video Clipများ ဖွင့်လှစ်ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြင်ဦးလွင် တပ်နယ်အတွက် MRTV DTH စလောင်းအစုံ ၁၀၀၊ MRTV DVB T-2 Set Top Box အစုံ ၁၀၀ နှင့် သုတ/ရသစာအုပ်/စာစောင်များအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ MRTV ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဝန်ထမ်းအဆိုရှင်များနှင့် နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဗိုလ်လောင်းများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများကလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းမှ သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းမှ သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio-A ၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းမှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဂါရဝပြုခံ သက်ကြီးဝန်ထမ်းဟောင်းများ၊ အသင်းသားအသင်းသူများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဝန်ထမ်းဟောင်းများအသင်း၏ မှတ်တမ်းဗီဒီယိုကိုပြသပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းနာယက ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးခင်မောင်ဋ္ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် ညွှန်ကြားရေးမှူး(ရန်ကုန်ရုံး) တာဝန်ခံ ဒေါ်လီန်းမောင်းပန်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ကိုယ်စား အသင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀ သိန်းကို အသင်းဥက္ကဋ္ဌထံ ပေးအပ်ပြီး အသင်းဥက္ကဋ္ဌက နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများဖြစ်ကြသည့် အသင်းနာယက ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးခင်မောင်ဋ္ဌေး၊ အသင်းနာယက စည်သူဒေါ်တင်တင်မြ၊ ဒေါ်စိုးမာလာကိုယ်စား ဒေါ်လတ်လတ်မြင့်တို့အား လက်ဆောင်များပေးအပ်ကာ အသင်းနာယကများက သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြု လက်ဆောင်များ ပေးအပ်ကြသည်။

ဂါရဝပြုပွဲသို့ မတက်ရောက်နိုင်ကြသည့် သက်ကြီးဝန်ထမ်းဟောင်းများအား အိမ်တိုင်ရာရောက် ဂါရဝပြုလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးဝင်းကြည်က အသင်းသို့ လစဉ်အလှူငွေများ လှူဒါန်းလျက်ရှိသည့် ဂုဏ်ထူးဆောင်အလှူရှင်နှင့် အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ပြီး ဂါရဝပြုခံ သက်ကြီးဝန်ထမ်းဟောင်းများကိုယ်စား အသင်းနာယက စည်သူဒေါ်တင်တင်မြက မှတ်ဒီတာစကားပြောကြားသည်။

အဆိုပါအသင်းကို ၂၀၁၂ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့ပြီး ဝန်ထမ်းဟောင်းများ အချင်းချင်းထိတွေ့ဆုံစည်းမှုရရှိစေရန်၊ နာမကျန်းဖြစ်သည့် ဝန်ထမ်းဟောင်းများအား လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အကူအညီများပေးအပ်ရန်၊ အခြားလူမှုရေးဆိုင်ရာပရဟိတလုပ်ငန်းများ စုပေါင်းဆောင်ရွက်နိုင်ရန်နှင့် မိခင်ဌာနနှင့် အဆက်မပြတ်စေဘဲ ဌာန၏လှုပ်ရှားမှုများတွင် လိုအပ်သလို ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော သာရဏီယဩဝါဒကထာ

{ ၁၃၈၇-ခုနှစ်၊ ပြာသိုလဆန်း(၃)ရက်၊၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ တနင်္ဂနွေနေ့ }

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆို၊ ရေးဖြေ ဖြေဆိုတော်မူကြမည့် တိပိဋကဓရ တိပိဋကကောဝိဒလောင်းလျာ သာသနဒ္ဓဇအာဇာနည်အရှင်မြတ်တို့နှင့် တကွ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့အား သာသနာတော်အတွက် ကြာရှည်လေးမြင့် အမှတ်ရသင့်သည့် သာရဏီယဩဝါဒစကားကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား မိန့်ကြားလိုပါသည်ဘုရား။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး ဖွဲ့စည်းကာ သာသနာတော်သုံးရပ် တိုးတက်သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် သံဃနာယကအဖွဲ့အဆင့်ဆင့်တို့က ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက် ရှိနေကြသည်ကို အရှင်မြတ်တို့ အသီးသီးသိရှိနေကြပြီးဖြစ်ပါသည် ဘုရား။

အရှင်မြတ်တို့သည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ငါးဖြာသောအား ကိုယ်မှာထားကြလျက် အာဂုံအရကျက်မှတ်၍ ပြန်ဆိုတော်မူကြသော သုံးပုံပိဋက ပရိယတ္တိသာသနာတော်သည် သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်၏ သာသနာသုံးရပ်တွင် အရင်းမူလပဓာနဖြစ်ပါသည်ဘုရား။ မြတ်ဗုဒ္ဓသာသနာဆိုသည်မှာ မြတ်စွာဘုရားရှင်သည် လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သည့် ပိဋကသုံးသွယ် နိကာယ်ငါးရပ် အဆုံးအမတရားတော်မြတ်များဖြစ်ကြ၍ ထိုအဆုံးအမတရားတော်များ စဉ်ဆက်မပြတ် ပြန့်ပွားစည်ပင်ရေးသည် ရဟန်းသံဃာတို့၏ တာဝန်နှစ်ရပ်တွင် ဂန္ထဓုရတာဝန်ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်၏ အဆုံးအမတရားတော်မြတ်ဟူသော ထိုပရိယတ္တိသာသနာ ဆိတ်သုဉ်းပျောက်ကွယ်ပါက လက်တွေ့ကျင့်ကြံကြိုးစားအားထုတ်မှုဖြစ်သည့် ပဋိပတ္တိသာသနာတော်သည်လည်း ထင်ရှားဖြစ်ပေါ်လာနိုင်ခြင်းမရှိပါ၊ ပဋိပတ္တိသာသနာတော် လမ်းစမှေးမှိန်သွားပါကလည်း မဂ်ဖိုလ်နိဗ္ဗာန်ကိုထိုးထွင်း၍ သိမြင်နိုင်မှု ပဋိဝေဓသာသနာတော် အကျိုးမြတ်သည်လည်း ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည်မဟုတ်ပေ။ မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ် သန့်ရှင်းတည်တံ့တိုးတက်ပြန့်ပွားရေးသည် ပရိယတ္တိသာသနာတော် အပေါ်အခြေခံလျက် တည်မှီနေပေသည်။

သာသနဒ္ဓဇအာဇာနည်အရှင်မြတ်တို့သည် ထက်သန်သောဆန္ဒ၊ တက်ကြွသောဝီရိယ၊ ခိုင်ကြည်သောစိတ္တ၊ နက်နဲသောဝီမံသတည်းဟူသော အဓိပတိတရားလေးပါး လက်ကိုင်ထားကြလျက် သင်ယူကျက်မှတ် လေ့လာဆည်းပူးအားထုတ်အပ်သည့် ပရိယတ္တိကျမ်းဂန်များသည် လူနတ်ဗြဟ္မာသတ္တဝါအစားစား ဝေနေယျအများတို့အား မဂ်ဖိုလ်နိဗ္ဗာန်အကျိုးစီးပွားချမ်းသာ အစစ်အမှန်ကို ဧကန်ရစေနိုင်မည့် တရားတော်များဖြစ်သည့်အပြင် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ကြောင်း အထောက်အပံ့ကောင်းပင်ဖြစ်သည်ဟု နှလုံးသွင်းဆင်ခြင်ကြ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမည်ဖြစ်ပေသည်။

အာဂုံပြန်ဆို ရေးဖြေ ဖြေဆိုတော်မူကြမည့် သာသနဒ္ဓဇအာဇာနည်အရှင်မြတ်တို့သည် ထိုထိုကျမ်းမြတ် ပိဋကတ်တို့ကို နှုတ်တက်အာဂုံအရဆောင်တော်မူကြခြင်း၊ ထိုထိုကျမ်းမြတ် ပိဋကတ်တို့၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ စသည့် ကျမ်းဂန်တို့ကို နှံ့စပ်အောင် လေ့လာဆည်းပူးခြင်းဖြင့် လျှို့ဝှက်ခက်ခဲနက်နဲသော ဝိနိစ္ဆယတို့ကို မြတ်စွာဘုရားရှင်၏ အလိုတော်ကျ ပြတ်ပြတ်သားသား ပိုင်းခြားချဲ့ထွင် သိမြင်တော်မူကြ၍ အနာဂတ်သာသနာတော်၏တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပေသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကတ်ကျမ်းစာများကို အာဂုံဝင်ရောက်ပြန်ဆိုတော်မူကြမည့် အရှင်မြတ်များအနေဖြင့် သူတော်ကောင်းတရားများကို နာကြားရရုံမျှမက ဓမ္မက္ခန္ဓာပေါင်းများစွာကို အာဂုံအလွတ်ရအောင် ကျက်မှတ်ကြပြီးဖြစ်သဖြင့် ငါတို့အဖို့ အလွန်ရခဲသော အခွင့်ကောင်းအခါကောင်းကို ရကြပေပြီဟု နှလုံးသွင်းကာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ အင်အား ကိုယ်မှာထား၍ ပြန်ဆိုတော်မူကြရန်ကိုလည်း တိုက်တွန်းလိုပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့ကလည်း ရခဲလှသည့် ဒုလ္လဘတရားများကို ရရှိနေသည့်အချိန်တွင် မမေ့မလျော့သော အပ္ပမာဒတရားဖြင့် မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီးကို အားပေးချီးမြှောက်ထောက်ပံ့ရင်း နိဗ္ဗာန်တိုင်ရောက် အထောက်အပံ့ပြုပြား ကောင်းမှုကုသိုလ်တရားကို ပွားများအားထုတ်နိုင်ကြပါစေဟု တိုက်တွန်းအမှာ သာရဏီယဩဝါဒ ကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသတည်း။

ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁





သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး အဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဥက္ကဋ္ဌဆရာတော် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်က "သာရဏီယဩဝါဒကထာ"ကို မိန့်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို အပေါ်တွင် သီးခြားဖော်ပြထားသည်။)**

ယင်းနောက် ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များအား အလှူရှင်များက အလှူငွေကျပ် ၁၂၅၅၃၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပါဠိကာရီတုလွတ်ကျောင်း ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော်အမှူးပြုသော သံဃာတော် ၅၅ ပါးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ သုံးထပ်ဆွမ်းစား ကျောင်းဆောင်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့က ဆက်ကပ်လှူဒါန်းသည့် နေ့ဆွမ်းကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များနှင့် စာပြန်သံဃာတော်များအား ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကြောင်း သိရသည်။**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၆

ရက်

သာ လိုတော့သည်။

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့တွင် ပြည်ရေနံမြေအစည်းအဝေးခန်းမတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်အောက်ရှိ ပြည်ရေနံမြေမှ အရာထမ်း၊ အမှုထမ်းများ၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနလက်အောက်ရှိ ပဲခူးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ ပဲခူးမြို့၏ ပြည်ရုံးခွဲ၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်ရေနံမြေ အထွေထွေမန်နေဂျာက ပြည်ရေနံမြေ၊ မြန်အောင်-ရွှေပြည်သာရေနံမြေနှင့် ပန်းတောင်းဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးစေရေး သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်ရေနံမြေဒေသသည် အစဉ်အလာကောင်းခဲ့သည့် ရေနံမြေဟောင်းတစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ နှစ်မျိုးလုံးထွက်ရှိသည့် ရေနံမြေတစ်ခုဖြစ်ပါကြောင်း၊ ယခုအခါရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးစေရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မှာကြား

ပြည်ရေနံမြေသည် သဘောသဘာဝအရ ထုတ်ယူသုံးစွဲချိန် ကြာမြင့်လာသည့်နှင့်အမျှ အထွက်နှုန်းကျဆင်းလာသော်လည်း နိုင်ငံတကာတွင် နည်းပညာကိုအသုံးပြု၍ ရေနံမြေဟောင်းများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဆက်လက်ထုတ်ယူနိုင်သည်ကို တွေ့ရှိရသည့်အတွက် အတုယူအားကျပြီး ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအား ထိခိုက်နစ်နာမှုမရှိစေရေးအတွက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စေတနာထားပြီး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(ချုပ်) နှစ် (၃၀) ပြည့် ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(ချုပ်) နှစ်(၃၀)ပြည့် ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ အဆိုပါအသင်းချုပ် Function Hall ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့က Video Message ပေးပို့၍ ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် နာယက ဦးဟန်ဇော်က ဂုဏ်ပြုစကား ပြောကြားပြီး အထွေထွေအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ နှစ်(၃၀) ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၁၉၉၅ ခုနှစ်မှ ယနေ့အထိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ နှစ်(၃၀) ပြည့် အခမ်းအနားကျင်းပရေးအတွက် မတည်အလှူရှင်များ၊ မဂ္ဂဇင်း ဖြစ်မြောက်ရေးအတွက် အလှူရှင်များ၊ စာမူရှင်များနှင့် ပါဝင်ကူညီခဲ့သူများနှင့် မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် စစ်ဆေးတိုင်းတာမှု လုပ်ငန်းများပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဆက်လက်၍ အသင်းမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် စတင်ဖွဲ့စည်းစဉ်နှင့် အသင်းသက်တမ်းတစ်လျှောက် အတွေ့အကြုံများနှင့် မျက်မှောက်ကာလ အတွေ့အကြုံများကို မျှဝေဆွေးနွေးဟောပြောကြသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်သည် အင်ဂျင်နီယာလောကသားများအတွက် ၁၉၉၅ ခုနှစ်မှစတင်ခဲ့သော မြန်မာနိုင်ငံကိုယ်စားပြုအသင်းတစ်ခုဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် နှစ်(၃၀)ပြည့်မြောက်ခဲ့ပြီဖြစ်ကာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ "အင်ဂျင်နီယာ စွမ်းအား ပြည်ထွန်းကား" ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍများ၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Knowledge Sharing Program လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အစဉ်အမြဲ ဝိုင်းဝန်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သတင်းစဉ်

## ချမ်းအေးသာစံမြို့နယ်၌ မြို့နယ်အဆင့် မြတ်ဆရာပူဇော်ပွဲအခမ်းအနား ပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်တွင် တာဝန်ထမ်းဆောင်၍ သက်ပြည့် အငြိမ်းစားယူပြီးသွားသော မြို့နယ်ပညာရေးမှူး များ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား မြို့နယ်အဆင့် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'မြတ်ဆရာ' သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ပြီး မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်ဝါဝါကျော်က မြတ်ဆရာပူဇော်ပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး အငြိမ်းစားမြို့နယ်ပညာရေးမှူး ဆရာကြီး၊ ဆရာမကြီး ၁၂ ဦး တို့အား ငွေကျပ် တစ်သိန်းစီနှင့် အငြိမ်းစား လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ စုစုပေါင်း ၉၉ ဦးတို့အား ငွေကျပ် ငါးသောင်းစီဖြင့် ပူဇော်ကန်တော့ခဲ့ကြကာ အငြိမ်းစားမြို့နယ်ပညာရေးမှူး ဆရာကြီးဦးရွှေက ဩဝါဒစကားပြောကြားကာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(ယာပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)

*-*-*-*-*-*-*



❖ စာမျက်နှာ ၂၄ မှ

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသ တစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် တစ်ထပ်အဆောက်အအုံခုနစ်လုံးကို စစ်ဆေးရှာဖွေနိုင်ခဲ့သဖြင့် ယနေ့အချိန်အထိ အဆောက်အအုံစုစုပေါင်း ၄၄၅ လုံးကို စစ်ဆေးရှာဖွေနိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအနက်မှ အွန်လိုင်းလောင်းကစားကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံးအား စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ယနေ့တွင် အဆောက်အအုံလေးလုံးကို စတင်ချိတ်ပိတ်သိမ်းဆည်းခဲ့သည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ထပ်မံ၍ အသုံးပြုနိုင်ခြင်း မရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေ အပိုင်း (၃)မှ အဆောက်အအုံများအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။



KK Park နယ်မြေအတွင်း အွန်လိုင်း လောင်းကစား ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



## မိုးသီးနှံ ချည်မျှင်ရှည်ဝါ ၁၄၀၂ ဧကအထိ သိမ်းဆည်းပြီးစီး၍ တစ်ဧကလျှင် ၅၂၄ ပိဿာ ထွက်ရှိ

**ပွင့်ဖြူ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးရာသီက စိုက်ပျိုးခဲ့သော ချည်မျှင်ရှည်ဝါသီးနှံ ၁၄၀၂ ဧကအထိ ခူးဆွတ်သိမ်းဆည်းပြီးစီးပြီဖြစ်ရာ တစ်ဧကလျှင် ၅၂၄ ပိဿာနှုန်းထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံ ၄၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ဝါစိုက်ခင်းများကို ဒီဇင်ဘာလ ပထမပတ်မှ စတင်ပြီး ခူးဆွတ်သိမ်းဆည်းခဲ့ရာ ယနေ့တွင် ၁၄၀၂ ဧကအထိ သိမ်းဆည်းပြီးစီးပြီဖြစ်ပြီး ဝါအထွက်နှုန်းမှာ တစ်ဧကလျှင် ၅၂၄ ပိဿာနှုန်းထွက်ရှိသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့တဲ့ ဝါစိုက်ခင်းတွေကို လက်ရှိမှာ ခူးဆွတ်သိမ်းဆည်းနေကြပါတယ်။ ဒီနေ့ထိ ဧက ၁၄၀၀ ကျော် သိမ်းဆည်းပြီးစီးပြီဖြစ်တယ်။ ချည်မျှင်ဝါက ဈေးကွက်ရှိတာကြောင့် ဒေသခံတောင်သူတွေဟာ မိုးဦးနဲ့ မိုးနှောင်းမှာ စီးပွားဖြစ် စိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် အရည်အသွေးကောင်းသော ဝါသီးနှံများ ထွက်ရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ချည်မျှင်ရှည်ဝါကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ချည်မျှင်ရှည်ဝါကို ပိုမိုတိုးချဲ့စိုက်ပျိုးရေးအတွက် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(၄၄၅)

## မန္တလေးတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံအမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက Open Shed အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခ ချုပ် ဒေါက်တာမေသွယ် အေးက အားကစားပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ယှဉ်ပြိုင်ရာတွင်လည်း အားကစားသမားစိတ်ဓာတ်ဖြင့် တရားမျှတစွာနှင့် အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ယှဉ်ပြိုင်ရန်၊ နိုင်ငံတော်ကမျှော်မှန်းသော ဗလငါးတန်နဲ့ ပြည့်ဝသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်သည်အထိ ကြိုးစားသွားကြရန် မှာကြားသည်။

ထို့နောက် ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ကွန်ပျူတာသိပ္ပံ အသင်းနှင့် ညွန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်မှုကို မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) (၀၅၆)**



| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | ၂ | - | ၂ | ပီဇာ |
| ဆက်ဆူအိုလို | ၀ | - | ၁ | တိုရီနို |
| ဖီအိုရင်တီးနား | ၅ | - | ၁ | အူဒီးနိစ် |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇) အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အေဗီလာ | ၂ | - | ၁ | မန်ယူ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| မိန့်ဇ် | ၀ | - | ၀ | စိန့်ပေါလီ |
| ဟိုင်ဒန်ဟိမ်း | ၀ | - | ၄ | ဘိုင်ယန်မြူးနစ် |

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

## ကျောက်ပန်းတောင်းမြို့ လေးရှာအခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၁**


မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်လာစေရန်နှင့် သန့်ရှင်းသာယာသည့် မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်ပေါ်စေရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ တပ်နယ်မိသားစုများ ပါဝင်သည့် စုပေါင်းသန့်ရှင်းရေးကို စနေပတ်တိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက် နံနက် ၇ နာရီခွဲက သာယာအေးရပ်ကွက်ရှိ လေးရှာအခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့ပေါ်မှ အလှည့်ကျ ဌာနဆိုင်ရာ ၁၄ ခုမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းအင်အား ၁၃၃ ဦး၊ တပ်နယ်တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ အင်အား ၁၂၀ ဦး စုစုပေါင်း ၂၅၃ ဦးဖြင့် ကျောင်းဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း ဆောင်ရွက်ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် ကော်မတီဝင်များက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၄၅၆)




## ဟမ်ဇာအဗ္ဗဒယ်ကာရင်အား ခေါ်ယူရန် ဘာစီလိုနာအသင်း စိတ်ဝင်စား




**ဘာစီလိုနာ ဒီဇင်ဘာ ၂၁**

ဘာစီလိုနာအသင်းသည် အယ်လ်အာလီအသင်းတိုက်စစ်မှူး ဟမ်ဇာအဗ္ဗဒယ်ကာရင်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံရသောကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟမ်ဇာအဗ္ဗဒယ်ကာရင်ကိုယ်တိုင်ကလည်း အတွေ့အကြုံသစ်များ ရရှိရန်အတွက် အသင်းပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အယ်လ်အာလီအသင်းထံမှ ဟမ်ဇာအဗ္ဗဒယ်ကာရင်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## စီရော်နယ်လ်ဒို၏ ပရီးမီးယားလိဂ် ဂိုးသွင်းစံချိန်အား ဟာလန်းကျော်ဖြတ်

**လန်ဒန် ဒီဇင်ဘာ ၂၁**

မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်း(၁၀၄ဂိုး)သည် မန်ယူအသင်း တိုက်စစ်မှူးဟောင်း စီရော်နယ်လ်ဒို (၁၀၃ဂိုး) ပရီးမီးယားလိဂ်စံချိန်အား ကျော်ဖြတ်နိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် မန်စီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် ၁၁၄ပွဲကစားပြီး ၁၀၄ဂိုးထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၂၅)နှစ် အရွယ်ရှိ ဟာလန်းက ' အခုလို စီရော်နယ်လ်ဒို၏ စံချိန်အား ကျော်ဖြတ်နိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ မန်စီးတီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီမှာ ပရီးမီးယားလိဂ်ချန်ပီယံဆု အပါအဝင် အခြားဆုဖလားများစွာကိုလည်း ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(အောက်ပုံ) (NGB)



## နေမာက ဆန်တို့စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**လန်ဒန် ဒီဇင်ဘာ ၂၁**

ဆန်းတို့စ်အသင်းသည် အသင်းတိုက်စစ်မှူး နေမာအား တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ဆန်းတို့စ်အသင်းနှင့်အတူ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၂၈ပွဲကစားကာ ၁၁ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။




ဆန်းတို့စ်အသင်းထုတ်ပြန်ချက်တွင် ' နေမာအား တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ။ သူကိုယ်တိုင်က အသင်းမှာ ပျော်ရွှင်နေပါတယ်' ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)




## သီယာဂိုဆေးလ်ဗားအား ပေါ်တိုအသင်း ခေါ်ယူ

**လန်ဒန် ဒီဇင်ဘာ ၂၁**

ပေါ်တိုအသင်းသည် ဖလူးမီနိစ်အသင်းနှင့် လမ်းခွဲပြီး အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်နောက်ခံကစားသမား သီယာဂိုဆေးလ်ဗားအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ပေါ်တိုအသင်းနှင့်အတူ ခြောက်လသက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

သီယာဂိုဆေးလ်ဗားသည် ကစားသမားဘဝတစ်လျှောက်တွင် အေစီမီလန်၊ ချဲလ်ဆီး၊ ပီအက်စ်ဂျီ၊ ဖလူးမီနိစ် စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ပေါ်တိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၄၁)နှစ်အရွယ်ရှိ သီယာဂိုဆေးလ်ဗားက ' ပေါ်တိုအသင်းမှာ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်' ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## ဂျူလီယန်အန်ဂူဆန်အား စတာလင်ပေါင် ၁၁ သန်း ရရှိပါက ရောင်းချမည်

**ပါရီ ဒီဇင်ဘာ ၂၁**

စိန့်အက်တီယန်းအသင်းသည် အသင်း လူငယ်တောင်ပံကစားသမား ဂျူလီယန်အန်ဂူဆန်အား စတာလင်ပေါင် ၁၁ သန်း ရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

အသက်(၁၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ဂျူလီယန်အန်ဂူဆန်သည် ယခုနှစ်ဘောလုံးရာသီတွင် စိန့်အက်တီယန်းအသင်းအတွက် ပြိုင်ပွဲစုံ ၉ပွဲကစားကာ ခြေစွမ်းပြထားသလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်း ခံထားရသည်။




စိန့်အက်တီယန်းအသင်းကလည်း ဂျူလီယန်အန်ဂူဆန်အတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် စိန့်အက်တီယန်းအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဂျူလီယန်အန်ဂူဆန်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## ချဲလ်ဆီးအသင်းသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှု ပြုလုပ်နိုင်သည့် ပထမဆုံးဂိုးသမားအဖြစ် ရော်ဘတ်ဆန်းချက်ဇ် မှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၂၁**

ဂိုးသမား ရော်ဘတ်ဆန်းချက်ဇ်သည် ချဲလ်ဆီးအသင်းသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့် ပထမဆုံးဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ဂိုးသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ပီဒရို သွင်းယူသည့် သွင်းဂိုးအား ဂိုးဖန်တီးမှုပြုလုပ်ပေးခဲ့ပြီးနောက် ယခုလို မှတ်တမ်းဝင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ရော်ဘတ်ဆန်းချက်ဇ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၂ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသည်။



အသက်(၂၈)နှစ်အရွယ်ရှိ ရော်ဘတ်ဆန်းချက်ဇ်က ' ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(အပေါ်ပုံ)**

(NGB)

## အာဆင်နယ်အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဂျေဆူးပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂၁**

အာဆင်နယ်အသင်းတိုက်စစ်မှူး ဂျေဆူးက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင် ဆက်ရှိသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူး၏ စာချုပ်သက်တမ်းသည်လည်း ၂၀၂၇ခုနှစ်အထိ ကျန်ရှိနေသေးသည်။

တိုက်စစ်မှူး ဂျေဆူးသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၈ပွဲကစားကာ ၂၆ဂိုးထိ သွင်းယူထားသည်။




အသက်(၂၈)နှစ်အရွယ်ရှိ ဂျေဆူးက ' ကျွန်တော်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာပဲ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာရယူချင်ပါသေးတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်' ဟု ပြောသည်။

(ဝဲပုံ) (NGB)

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၃-၁၂-၂၀၂၅<br>နံနက်၀၂:၃၀နာရီ | (၁၅)ဖူလ်ဟမ် - နော်တင်ဟမ်(၁၆)<br>(W,L,L,W,L) (L,W,L,W,W) | ဖူလ်ဟမ် ၂-၁ နော်တင်ဟမ်<br>နော်တင်ဟမ် ၀-၁ ဖူလ်ဟမ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၃-၁၂-၂၀၂၅<br>နံနက်၀၂:၃၀နာရီ | (၈)ဘီလ်ဘာအို - အက်စ်ပန်ညို(၅)<br>(L,W,D,L,W) (W,W,L,W,W) | ဘီလ်ဘာအို ၄-၁ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၁-၁ ဘီလ်ဘာအို |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ(ဗိုလ်လုပွဲ)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၃-၁၂-၂၀၂၅<br>တနင်္လာနေ့ | နံနက် ၀၁:၃၀ နာရီ | နာပိုလီ - ဘိုလော့ဂ်နာ<br>(စီးရီးအေ-၃) (စီးရီးအေ-၆) | ဘိုလော့ဂ်နာ ၂-၀ နာပိုလီ<br>(၉-၁၁-၂၀၂၅ စီးရီးအေ) |




## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ(တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပ ပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၂၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီးမှ မြို့ရိုး၏တောင်ဘက်နှင့် အရှေ့ဘက်ရှိ ရတနာပုံဥယျာဉ်တစ်လျှောက်၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သတ်မှတ်နေရာမှ စတင်၍ သတ်မှတ်လမ်းကြောင်းအတိုင်း တပျော်တပါးစုပေါင်း လမ်းလျှောက်ကြသည်။ ထို့နောက် စုရပ်နေရာ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)(၀၃၈)

## နိုင်ငံ့ဝန်ထမ်းဟောင်းများ (မြို့ပြ) အသင်း၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် အသင်းသားစုံညီ ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ နိုင်ငံ့ဝန်ထမ်းဟောင်းများ(မြို့ပြ)အသင်း၏ (၁၀) နှစ်ပြည့်အထိမ်းအမှတ် အသင်းသား စုံညီဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် ညနေပိုင်းက ဝမ်ကောင်းရပ်ကွက်ရှိ Happy Sense ခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက အဖွင့်အမှာစကား ပြောကြားပြီး တာချီလိတ်မြို့ နိုင်ငံ့ဝန်ထမ်းဟောင်းများ(မြို့ပြ) အသင်းဥက္ကဋ္ဌ ဦးကျော်လှက အသင်းဖွဲ့စည်းမှုနှင့်လုပ်ငန်းများ၊ ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမျိုးနှင့် တာဝန်ရှိသူများက အသင်းအတွက် မတည်ငွေ ငွေကျပ်သိန်း ၂၄၀ လှူဒါန်းပေးခဲ့သည့်အသင်းမှ အလုပ်အမှုဆောင် မြေစာရင်းဦးစီးဌာနမှ အငြိမ်းစားဖြစ်သူ ဦးလှမြင့်ဦးနှင့် အခမ်းအနားတွင် လှူဒါန်းပေးသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး အသက် ၇၅ နှစ်အထက်နှင့် အသက် ၈၀ နှစ်အထက် အသင်းသားများအား ထောက်ပံ့ငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**




## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ဆည် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေး၊ ဆန္ဒမဲပေးနိုင်ရေး ယနေ့နံနက်ပိုင်းက "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ကျောက်ဆည်မြို့ မြို့မဈေးတွင် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများက မြို့မဈေးရှိ ဈေးရောင်းသည့် ဈေးသည်များ၊ ဈေးဝယ်ပြည်သူများအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**သက်မောင်(ကျောက်ဆည်)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ သတင်းရေးသားနည်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ သတင်းရေးသားနည်းသင်တန်းကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါရုံး ပြည်သူ့စာကြည့်တိုက်၌ ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းတွင် နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်း၌သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

(အောက်ပုံ)

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဓာတ်ပုံကျွမ်းကျင်-၂ ဦးအောင်ကိုကိုတို့က သတင်းရေးသားရာတွင် သတိပြုရမည့် မြန်မာအက္ခရာအသုံးအနှုန်းများ၊ ဖြစ်နေဆဲသတင်း၊ စတင်ဖော်ထုတ်သတင်းနှင့် ကြိုတင်သတင်း၊ သတင်းပြန်ကြားရေးလုပ်ငန်းအတွက် လူထုဆက်သွယ်ရေးနည်းလမ်းများ၊ သတင်းလှေကားစောက် (News Gradients) ခုနစ်မျိုး၊ ပိရမစ်ပြောင်းပြန်သတင်းရေးနည်း၊ သတင်းရေးသားသူတို့ သတိထားရမည့်အချက်များ၊ သတင်းဆောင်းပါးရေးသားရာတွင် လိုက်နာရမည့်အသုံးအနှုန်းများ၊ ကိန်းဂဏန်းများ၊ မှားယွင်းတတ်သည့်သတ်ပုံများနှင့် သတင်းမီဒီယာသမားများ၏ ကျင့်ဝတ်စသည်တို့ကို အသေးစိတ်ရှင်းလင်း သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဥတ္တရခရိုင်နှင့်မြို့နယ်အတွင်းရှိ ဝန်ထမ်း (၁၀)ဦးအား ဒီဇင်ဘာ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြစ်သားမြို့နယ်တွင် စိုက်ပျိုးထားသည့် ရေမွှေးပန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ကင်းစိန်ဈေးကျေးရွာအုပ်စု တကိုယ်တည်းကွင်းအမှတ် ၄၈၆ ကွင်း၌ရေမွှေးပန်းစိုက်၍ မိသားစု တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းပြုလုပ်သူများ အဆင်ပြေလျက်ရှိသည်။



မြစ်သားမြို့နယ် ကင်းစိန်ဈေးကျေးရွာအုပ်စုမှ တောင်သူများသည် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြပြီး ရေမွှေးပန်း စိုက်ပျိုးရာတွင် နွေ၊ မိုး၊ ဆောင်းရာသီမရွေး ရေလောင်းစိုက်ပျိုးနိုင်ကာ ရေမွှေးပန်းများ စိုက်မည်ဆိုပါက ထယ်ရေးကို ညက်နေအောင်ထွန်ယက်ပြီး ဘောင်ကလေးများပြုလုပ်ကာ တောင်မြောက်ကြိုးတန်းပြီး တစ်ပင်နှင့်တစ်ပင် တစ်ပေခွာ၍ ပျိုးပင်စိုက်ပျိုးရသည်။ စိုက်ပျိုးချိန်တွင် မြေဆီမြေသြဇာကိုလည်း အပြင်ကဝယ်ယူစရာမလိုဘဲ မိမိတို့အိမ်တွင် မွေးမြူထားသော နွားချေး၊ ကြက်ချေး၊ မန်ကျည်းရွက် မြေဆွေးများဖြင့် ရောစပ်စိုက်ပျိုးနိုင်ကြောင်း၊ ရေသွင်းထားရှိရပြီးနောက် ၁၅ ရက်ကြာလျှင် ရေလျှော့ကာ ပေါင်းသင်မြေဆီကျွေးပြီး ရက် ၂၀ ကြာသည့်အခါ အဖူး၊ အပွင့်များဝေဆာလာလျှင် ချိုးယူရောင်းချရကြောင်း သိရသည်။

(အပေါ်ပုံ)

ယခုအခါ ရေမွှေးပန်းများ၏တစ်နေ့ရောင်းရသော ငွေကျပ်နှစ်သောင်းမှ ငွေကျပ် သုံးသောင်းအထိရရှိပြီး စိုက်ခင်းသို့ လာရောက်ဝယ်ယူကြကြောင်း ကင်းစိန်ဈေးကျေးရွာနေ ရေမွှေးပန်း စိုက်ပျိုးသူ ဦးဗိုလ်ဟိန်းထံမှ သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# မန္တလေးတိုင်းဒေသကြီးအတွင်းမှ မဲရုံများတွင် တာဝန်ယူဆောင်ရွက်ကြမည့် ဆရာ၊ ဆရာမများအား မဲပေးစက်နှင့် မဲရုံလုပ်ငန်းစဉ်များ သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**မန္တလေး ဒီဇင်ဘာ ၂၁**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မဲရုံအသီးသီး၌ တာဝန်ယူဆောင်ရွက်ကြမည့် ဆရာ၊ ဆရာမများအား မဲပေးစက် သရုပ်ပြခြင်းနှင့် မဲရုံလုပ်ငန်းစဉ်များ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ချမ်းအေးသာစံမြို့နယ်၊ အမှတ် (၁၄)အခြေခံပညာအထက်တန်းကျောင်းတွင် ဒီဇင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ မဲပေးစက်နှင့် မဲရုံဆိုင်ရာလုပ်ငန်းစဉ်များ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို တိုင်းဒေသကြီးအတွင်းရှိ ဆရာ၊ ဆရာမ စုစုပေါင်း ၄၄၁ ဦးတို့က နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်ခဲ့ကြသည်။

"မဲပေးစက်ချို့ယွင်းမှုမရှိအောင် ဆောင်ရွက်ထားပါတယ်။ အကယ်၍ မဲပေးစက်ချို့ယွင်းခဲ့ရင် ချက်ချင်း အသစ်လဲလှယ်ပေးမယ့် နည်းပညာအထောက်အကူအဖွဲ့က အသင့်ရှိပေးထားမှာပါ။ မဲရုံလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်ကြမယ့် ဆရာ၊ ဆရာမများအနေနဲ့ စိုးရိမ်စိတ်တွေမရှိဘဲ ရွေးကောက်ပွဲမှာ တာဝန်ယူဆောင်ရွက်နိုင်ပါတယ်"ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မဲရုံများတွင် တာဝန်ယူဆောင်ရွက်ကြမည့် ဆရာ၊ ဆရာမများ ဖြည့်သွင်းရမည့် ပုံစံများ၊ မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းများ၊ ရွေးကောက်ပွဲကျင်းမည့်နေ့တွင် လာရောက်ဆန္ဒမဲပေးသူများ စနစ်တကျမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မဲစာရင်းစစ်ဆေးမှုလုပ်ငန်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတို့က ရှင်းလင်းဆွေးနွေးဟောပြောပြီးနောက် မဲပေးစက်နှင့် မဲရုံဆိုင်ရာလုပ်ငန်းစဉ်များကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀-၀-၀





# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ကိုင်းကျေးရွာအုပ်စု၊ လှည်းကြီးကျေးရွာ၌ ပဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က လှည်းကြီးကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာမည်ဖြစ်၍ စီမံကိန်းလုပ်ငန်းအား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လှည်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၀ ဦးကို ငွေကျပ် ၁၃ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၈ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၇ ဒသမ ၃ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၀ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

၀-၀-၀-၀-၀-၀-၀

# (၁၂)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲ အခမ်းအနားကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ (၁၂)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့် ကရင်သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဝမ်ကောင်းရပ်ကွက်ရှိ Happy Sence တွင် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အခမ်းအနားကို ကရင်အမျိုးသားအလံအား အလံတိုင်ထိပ်သို့ လွှင့်ထူကာ တက်ရောက်လာကြသူများက အလေးပြုကြပြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး စောလင်းခယ် ပေးပို့သော ကရင်အမျိုးသား နှစ်သစ်ကူးသဝဏ်လွှာကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းက ဖတ်ကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးမန်းစိန်နှင့် တွဲဖက်ဥက္ကဋ္ဌ ဆရာမ ဒေါ်ခင်စိန်ရွှေတို့က တာချီလိတ်တွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲ နှစ်သစ်ကြိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဆရာစောရိုးလင်းက ကရင်နှစ်သစ်ကူးပွဲ နှစ်စဉ်ကျင်းပနိုင်ရေးအတွက် အားပေးတိုက်တွန်းစကား ပြောကြားသည်။

ထို့နောက် ဆရာမ ဒေါ်နော်အေးအေးမူနှင့် ဒေါ်နန်းအေးဆုမွန်တို့က မြန်မာနိုင်ငံတွင် ကရင်လူမျိုးများ အဆင့်ဆင့် ဆင်းသက်လာပုံနှင့် ကရင်နှစ်သစ်ကူး ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းအား ရှင်းလင်းပြောကြားကာ ဆရာမဒေါ်မျိုးဥမ္မာက ကရင်အမျိုးသားအလံ၏ အနက်အဓိပ္ပာယ်ကို အသီးသီး ရှင်းလင်းပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးက ကရင်နှစ်သစ်ကူးပွဲအတွက် ဂါရဝလက်ဆောင်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ဆက်လက်၍ လူငယ်မောင်မယ်များက ကရင်သက်ကြီးဝါကြီးများအား ဂါရဝပြုလက်ဆောင်များဖြင့် ပူဇော်ကန်တော့ကြပြီး တိုင်းရင်းသားယဉ်ကျေးမှု ယိမ်းအဖွဲ့များက ကရင်တိုင်းရင်းသားရိုးရာဒုံးယိမ်းအကများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀




# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မြို့နယ်အားကစားကွင်း၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

မဟာအောင်မြေမြို့နယ် မြို့နယ်အားကစားကွင်း၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မိသားစု ဘောလုံး ဖိတ်ခေါ်ပြိုင်ပွဲကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဘောလုံးဆပ်ကော်မတီအဖွဲ့တို့မှ ကြီးမှူး၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို အသင်း(၁၀)သင်းဖြင့် ဒီဇင်ဘာ ၁၇ ရက်မှ စတင်ကျင်းပပေးခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်တွင် ရတနာ(FC)အသင်းနှင့် CMO (FC)အသင်း၊ မဟာအောင်မြေလူငယ်အသင်းနှင့် LYG(FC) အသင်းတို့ စည်းကားသိုက်မြိုက်စွာ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်းနှင့် (အခမဲ့) ကြည့်ရှုနိုင်မည်ဖြစ်ကြောင်းသိရပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၇ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပလျက်ရှိကြောင်း မြို့နယ်အားကစားမှူးထံမှ သိရသည်။

(၀၅၆)

၀-၀-၀-၀-၀-၀-၀



# ဘာသာရပ်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**မကွေး ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့နံနက် ၈ နာရီက မကွေးတက္ကသိုလ် မိုးလုံ၊ လေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာခင်ကေခိုင်က ကျောင်းသား၊ ကျောင်းသူများ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းဆိုင်ရာ ကောင်းကျိုးများ ရစေခြင်း၊ စည်းလုံးညီညွတ်ခြင်းဖြင့် အောင်မြင်မှုများ ရရှိလာမည်ဖြစ်ပြီး ကျောင်းတွင်း အားကစားပြိုင်ပွဲများမှသည် ကျောင်းအားကစားလက်ရွေးစင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်လက်ရွေးစင်များ ထွက်ပေါ်လာကာ နိုင်ငံတကာ အားကစားပြိုင်ပွဲများအထိ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ကစားကြရန်လိုကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသမီးပထမပွဲစဉ်အဖြစ် အင်္ဂလိပ်စာနှင့် ဓာတုဗေဒအသင်း၊ အမျိုးသားကြက်တောင်ရိုက်ပွဲစဉ်အဖြစ် ရူပဗေဒနှင့် ဓာတုဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## ဝတ္ထုတိုကဏ္ဍ




အောက် အီ အီး … အွတ် …

လင်းကြက်တွန်သံကြားသည်နှင့် သွက်သွက်လက်လက် ထသည်။ မျက်နှာသစ် သွားတိုက်ပြီးသည်နှင့် ရေတင်သည်။ ထမင်းပေါင်းအိုး တည်သည်။ သုံးမိနစ် ရေနွေးအိုးဖြင့် ရေနွေး တည်ပြီး ဓာတ်ဘူးထဲ ဖြည့်သည်။ ငါးကြင်းခွက်ထဲ လက်ဖက်ခြောက် အနည်းငယ်ထည့် ရေနွေးထည့်ပြီး စာရေးစားပွဲသို့ သွက်သွက်လက်လက် သွား၍ ထိုင်သည်။ အံဆွဲထဲမှ ဘောလ်ပင်ထုတ်၍ စာအုပ်ဖွင့်သည်။ စာရေးဆရာဆိုတော့ စာရေးဖို့ စပြီ …။

"ကျေးလက်အခြေပြု ဝတ္ထုတိုလေးရေးဖို့ ဓာတ်လမ်းကျောရိုးစဉ်းစားရသည်။ ဟင်းသီးဟင်းရွက် စိုက်ခင်းလေးထဲက အိမ်ကလေးကစ၍ ဓာတ်အိမ်တည်ရလျှင် ကောင်းမည်ဟု စဉ်းစားမိသည်။" စိတ်ထဲက သတိရသွားမိသည်။ ညနေက မအိမ်သူက ပြောထားသည်။ ခရမ်းချဉ်သီးနဲ့ ကြက်သွန်ကုန်နေသတဲ့။ ထကြည့်မယ်ဆိုပြီး မီးဖိုဆောင်ထဲက ကြောင်အိမ်ဖွင့်လိုက်သည်။ ဟုတ်သည်။ ခရမ်းချဉ်သီး၊ ကြက်သွန်နီ နံနက်စောစောထဝယ်ပေးရမည်။ ငံပြာရည်လည်း နည်းနေပြီ။ တစ်လက်စတည်း ကြက်သွန်ဖြူပါ ဝယ်ရမည်။ ဆန်က ရှိသေးသည်။

စာရေးစားပွဲသို့ ပြန်သွားထိုင်သည်။ အေးစပြုနေသည့် ရေနွေးကြမ်းကို တစ်ကျိုက်မော့လိုက်သည်။ ဘောလ်ပင်ကို ပြန်ကိုင်၍ စဉ်းစားရပြန်သည်။ "အသီးအရွက် စိုက်ခင်းလေးထဲတွင် စမ်းချောင်းငယ်လေးပါထည့်၍ စဉ်းစားလျှင် ကောင်းသည်။ နေပျော်သော ဘဝလေးတစ်ခု၏ ပုံရိပ်ဖော်ရန်အတွက် ပတ်ဝန်းကျင်ကလည်း သာယာစိုပြည်၍ မျက်စေ့ပသာဒရှိမှ ဖြစ်မည်။ စိုက်ခင်းအတွက်လည်း ရေ အလွယ်တကူ ရမည်။

ဒေါက်ခနဲ ထမင်းအိုးခလုတ် တက်သံကြားရသည်။ ရေပြည့်ပြီးလား ကြည့်ရပြန်သည်။ ရေလည်း ပြည့်ပြီ ရေမော်တာခလုတ်ကို ပိတ်ရသည်။ ဟော … သန့်စင်ခန်းဝင်ချင်စိတ် ပေါ်လာပြီး အနောက်သို့ သွက်သွက်လက်လက် ဝင်သည်။ သန့်စင်ခန်း အတွင်းထိုင်ရင်း ရေးမည့်ဝတ္ထုအကြောင်း ဆက်စဉ်းစားသည်။

"စိုက်ခင်းက ဓာတ်ဆောင်၏ အဓိက အလုပ်မဟုတ်၊ အိမ်သုံးအတွက် စိုက်သည့်ပုံ ဖော်ရမည်။ ဓာတ်ဆောင်က ကျောင်းဆရာအဖြစ် ရုပ်ပုံဖော်ရမည်။ သပ်ရပ်သော အိမ်ကလေး၊ ခြံဝင်းကျယ်ကျယ်၊ ဟင်းသီးဟင်းရွက်စိုက်ခင်းကလေး၊ စမ်းချောင်းတို့က ကျောင်းဆရာ၏ အေးချမ်းသော ဘဝပုံရိပ်ကို အထောက်အကူပြုပုံဖော်ပေးလိမ့်မည်။

"ဒုန်း … ဒုန်း … ဒုန်း …"

"အမလေး၊ လန့်လိုက်တာကွာ ဘာလဲဟေ့ …"

"အထဲမှာ အိပ်ပျော်နေသလားလို့ ဒီမှာ နောက်လူတွေ ရှိသေးတယ် …"

"အေး အေး၊ ဟုတ်ပြီ ဟုတ်ပြီ"

ကိစ္စကို မြန်မြန်လက်စသိမ်း၍ ထွက်ခဲ့သည်။ နာရီကို မော့ကြည့်မိသည်။ နံနက် ၆ နာရီ ထိုးပြီ။ ဈေးဝယ်ပေးရဦးမည်။ အိမ်ရှေ့တံခါးဖွင့် ဆိုင်ကယ်ထုတ် ဈေးခြင်းနှင့်ပိုက်ဆံယူ၍ အနောက်မှ မအိမ်သူကို လှမ်းမေးရသေးသည်။

"ဘာမှာမလဲဟေ့ … ဈေးသွားမယ် …"

"မမှာတော့ဘူး … ကြည့်သာ ဝယ်ခဲ့တော့"

အမိန့်ရသည်နှင့် ဈေးသို့ ဆိုင်ကယ်ဖြင့် ထွက်ခဲ့သည်။

"ကိုသွက်လက် ငါးဝယ်သွားဦးလေ" ဝယ်နေကျ ငါးသည် ညီမလေးက လှမ်းနှုတ်ဆက်ရင်း ဈေးခေါ်သည်။ ကျွန်တော်က ငါးကြိုက်သည်။ ငါး အနည်းငယ် ဝယ်သည်။ ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဝယ်သည်။ ငံပြာရည် ပုလင်းဝယ်သည်။ ရှေ့မှာ ခြင်းတစ်လုံးနှင့် ဈေးဝယ်နေသော ကျောင်းဆရာ အောင်မြင့်စိုးကို တွေ့သည်။ သူငယ်ချင်း အောင်မြင့်စိုးက လူပျိုကြီးဖြစ်သည်။ သူ ဈေးဝယ်သည့် နောက်က အသာလိုက် ကြည့်မည်။ ဝတ္ထုထဲက ဓာတ်ကောင်ရဲ့ လှုပ်ရှားမှု နည်းနည်းတော့ ရလောက်သည်။ ကျောင်းဆရာနောက်က အသာ မေးလိုက်ခဲ့သည်။

ကျောင်းဆရာက ဈေးအရမ်းဆစ်လှသည်။ ဈေးသည်ကောင်မလေးက "ဆရာကလည်း ဈေးအရမ်းဆစ်တာပဲ … ဆရာ့ကို ပိုပိုသာသာတွေ ချည်းပဲထည့်ပေးထားတာလေ … ဒါနဲ့ မနေ့က ကျန်တဲ့ ပိုက်ဆံရော တစ်ခါထဲ ယူလိုက်ရမလား ဆရာ" တဲ့ …

ကျွန်တော် ပြုံးမိသည်။ ဒီကျောင်းဆရာ အကြွေးလည်း ဝယ်တတ်သကိုး။

ကျောင်းဆရာ လှည့်အကြည့် ကျွန်တော့်ကို တွေ့သွားသည်။

"စာရေးဆရာကြီး ကိုသွက်လက်ပါလား … ဈေးဝယ်ပြီးပလား … မတွေ့တာကြာပြီ။ လက်ဖက်ရည်သောက်ရင်း စကားပြောရအောင်လေ"

ကျွန်တော်ကလည်း လက်ဖက်ရည် အသံကြားသည်နှင့် သောက်ချင်နေပြီ။ ကျောင်းဆရာနှင့် စကားပြောရင်း သူ့အတွေ့အကြုံတွေ မေးရမည်။ ဒါမှ … ဝတ္ထုအတွက် ကုန်ကြမ်းရမှာ … ။

"သွားမယ်လေ ကျောင်းဆရာ စိုးမိုးဆိုင်မှာပဲ ထိုင်ကြတာပေါ့"

စိုးမိုးလက်ဖက်ရည်ဆိုင်က ထိုင်နေကျဖြစ်သည်။ လူပျိုကြီး၊ အပျိုကြီး မောင်နှမတွေများသည်။ စေတနာကောင်းကြသည်။ စကားပြောဖော်မလို လက်ဖက်ရည်သောက်ရင်း သူတို့နဲ့ စကားပြော၍လည်း ဖြစ်သည်။

ကျောင်းဆရာ အောင်မြင့်စိုးနှင့် စကားပြောရန် လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြသည်။ အမေ ဈေးသွားသက်သာစေရန် ကျောင်းဆရာ လူပျိုကြီး အောင်မြင့်စိုးက ဈေးဝယ်ပေးနေကျဖြစ်သည်။ ကျောင်းဆရာနှင့် စကားပြောရင်း ကျောင်းဆရာဘဝ အတွေ့အကြုံများကို ဗဟုသုတ ယူမှတ်သားရသည်။

အိတ်ထဲမှာ ဖုန်းက မြည်လာသည်။ အိမ်မှ မအိမ်သူ ဆက်ခြင်းဖြစ်သည်။

"ဟဲလို … ပြော"

"ပြန်မလာသေးဘူးလား … ကြာလှပြီ … ဆွမ်းချိုင့်အမီ ချက်ရမှာလေ"

"အေး အေး လာပြီ လမ်းရောက်နေပြီ …"

ကျောင်းဆရာက ပြုံးပြုံးကြီးကြည့်၍ "ခေါ်နေပြီမို့လား၊ ကျုပ်ကတော့ အေးဆေးပဲ၊ ဒါ့ကြောင့် မိန်းမမယူတာ …"

"ဟုတ်ပါပြီဗျာ … ကဲ သွားပြီဗျို့ … အိမ်က မအိမ်သူက ကြိမ်စကြာတို့နေပြီ …"

ဈေးခြင်းကို မီးဖိုဆောင်တွင် ချပြီး ဝယ်လာသမျှ မအိမ်သူ ချက်ရန် ထုတ်ပေးသည်။

"ဟင်း … အရောင်တင်မှုန့်လည်း မပါဘူး။ ဟင်းရွက်တစ်မျိုးမျိုးဝယ်ခဲ့ပါလို့ မနေ့က မှာထားတယ်လေ။ ဘာမှ မှတ်မထားဘူး … အလေးအနက်ကို မရှိဘူး။ ဈေးတစ်ခါဝယ်တာ နှစ်နာရီလောက်ကြာတယ်။ ဘယ်ဈေးသည်မကို သွားငမ်းနေလဲ မသိဘူး။ နာမည်က သွက်လက်တဲ့ ဘာမှ သွက်သွက်လက်လက်လည်း မရှိဘူး။"

"အေးပါ … အေးပါ ဒီနားက အိမ်ဆိုင်မှာ ပြေးဝယ်ပေးပါ့မယ်"

နောက်မှ ပွစိ ပွစိ အသံလွတ်အောင် ဈေးဆိုင်ဘက် အမြန်ထွက်ခဲ့သည်။ ဝတ္ထုထဲ ထည့်ရေးဖို့ ကျောင်းဆရာဓာတ်ရုပ်လေး သိရအောင် လိုက်ကြည့်နေမိတာနဲ့ ဈေးဝယ်ဖို့ မေ့သွားတာ ကိုယ့်အပြစ်မို့ လိုတာဝယ်ပြီး မအိမ်သူထံ သွားကာ … စားဖိုမှူးအကူအဖြစ် ကုပ်ကုပ်ကလေး ကူပေးခဲ့သည်။

မအိမ်သူ ချက်ပြုတ်၍ပြီးခါနီးအချိန်တွင် ရေမြန်မြန်ချိုး အဝတ်အစားလဲ၍ အဆင်သင့် ပြင်ထားရသည်။ ဟင်းကျက်လျှင် ဆွမ်းချိုင့်ပြင်၍ သရက်ကုန်းဘုန်းတော်ကြီးကျောင်းသို့ သွား၍ ဆွမ်းချိုင့်ပို့သည်။ ဘုန်းကြီးကျောင်းမှအထွက် အုတ်ခုံတွင် ခဏထိုင်ရင်း အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးနှင့် လယ်ကွင်းပြင် အလှရှုခင်းကို တစိမ့်စိမ့်ကြည့်နူးစွာ ကြည့်မိသည်။ ဝတ္ထုဓာတ်ကောင် ကျောင်းဆရာ၏ အိမ်နှင့် ပတ်ဝန်းကျင် သဘာဝလေးများကို ရေးဖွဲ့ဖို့ စိတ်ကူးရွက်လွင့်မိသည်။ အိတ်ထဲက ဖုန်းမြည်ပြန်ပြီ။

"ဟဲလို" "ကြာလှချည်းလား ဒီမှာ ကလေးတွေ အလုပ်လုပ်ရင်း မီးစက်ရပ်သွားလို့ ကြည့်ပေးဦး။"

"အေး … လာပြီ … လာပြီ … ဘုန်းဘုန်းနဲ့ စကားပြောတာကြာသွားလို့ပါကွာ …"

မတတ်နိုင် ကိုယ့်တာသာကြာလည်း ဘုန်းကြီးကိုပဲ လွှဲချလိုက်တော့သည်။ ကန်တော့ပါ ဘုရား … ။

အဝတ်အစားအဟောင်းလဲဝတ်၍ မီးစက်ကို ကြည့်ရန် ကိရိယာပုံးကို အလျင်ယူသည်။ ပြီးမှ မီးစက်ကို ဖွင့်၍ ဖြစ်နိုင်ခြေရှိသည့် ပြစ်ချက်နေရာ များ တစ်ခုစီစစ်ဆေးရသည်။ ဆီပိုက်ယိုသည်။ ချူပ်ကြိုးကျွံနေသည်။ မည်သို့ ပြင်လျှက်ရနိုင်သည်ကို စဉ်းစားရပြန်သည်။ လိုအပ်သော တိုလီမိုလီပစ္စည်းတို့ ရှာဖွေပြုပြင်ရင်း အဆင်ပြေ သွားသည်။ စက်ပြင်ဆရာခေါ်လျှင် အနည်းဆုံး ငွေကျပ် ငါးသောင်းခန့် ကုန်ကျမည်။ အချိန်ကုန်၊ ငွေကုန် သက်သာသွားသည်။

ကျောင်းဆရာ ဓာတ်ကောင်အား စက်ပြင်ပါ တတ်ကျွမ်းသူ ဘက်စုံရ ဆရာတစ်ဦးအဖြစ် ပုံဖော်ရမည်။

"ဟောတော့ … ငုတ်တုတ်ကြီး ထိုင်နေတာလား … ပြင်လို့ရလား … မရဘူးလား၊ စက်ဆရာ ခေါ်လိုက်ရမှာလား …"

"မဟုတ်ပါဘူး ရပါပြီကွ၊ မိန်းမရ၊ ထပ်မပျက်အောင် ဘယ်လိုလုပ်ရမလဲ စဉ်းစားနေတာပါကွ"

"အဲ့ဒါဆိုလည်း စက်နှိုးတော်၊ အလုပ်လုပ်မဲ့ကလေးတွေက စောင့်နေကြပြီ။" မီးစက်ကို နှိုးလိုက်သည်။ အဆင်ပြေသွားသည်။ ခြေလက်ဆေးကြောပြီး စာရေးစားပွဲတွင် ထိုင်၍ စဉ်းစားရပြန်သည်။

"ကြည့်ကြဟေ့၊ မင်းတို့ဆရာ စာရေးဆရာကြီး စာရေးတော့မယ်။ ဘောလ်ပင်ကြီး ကိုင်ပြီး ဖိမ်ပဲတော့၊ နားနားနေနေ သက်သက်သာသာပဲ" လို့ မအိမ်သူက ငေါ့ပြန်သည်။

ဓာတ်အိမ်ဖွဲ့ရန် စဉ်းစားရင်း အချိန်ကုန်မှန်းမသိ ကုန်ပြန်သည်။ အတွေးထဲမှာလည်း မရပ်မနား စဉ်းစားမှုကလည်း မပြတ်။ သို့သော် ဘောလ်ပင်သာ ကိုင်ထားသည်။ တစ်နေ့လုံး စာတစ်လုံးမျှ မရေးဖြစ်သေး။

"ကိုသွက်လက်ရေ ထမင်းစားဖို့ စောင့်နေကြတယ်တော့ နေရာတကာ နှေးကွေးလိုက်တာ၊ ဘာမှ ဟုတ်တိပတ်တိ အလုပ်ရှိတာလဲ မဟုတ်ဘဲနဲ့ အမြင်ကပ်တယ်"

"အေး အေး လာပြီဟေ့"

ထမင်းစားရင်း ကလေးတွေ၏ ထမင်းချိုင့်ထဲမှ ဟင်းများကို ကြည့်မိသည်။ တောသဘာဝ ဟင်းရွက်ကြော် အသီးအနှံတို့သာ များသည်။ ဟင်းခွက်တစ်ခုစီမှ နည်းနည်းစီ လိုက်မြည်းကြည့်ရင်း စဉ်းစားနေမိသည်။ ဝတ္ထုထဲတွင် ဘယ်ဟင်းလျာအကြောင်း ထည့်ရေးရင် ကောင်းမလဲ တွေးရသည်။

"ကဲ ကြည့်ကြ ဟင်းမကောင်းရင် ဟိုတို့ ဒီတို့နဲ့၊ ငူတူတူ၊ ငိုင်တိုင်တိုင် လုပ်ပြီ"

"မဟုတ်ပါဘူးကွာ၊ ဟင်းလေးတွေကို မြည်းကြည့်နေတာပါ ဟ"

ခေါင်းငုံ့ပြီး မြန်မြန်လွေးရတော့သည်။

ကဲ … ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြလေ၊ ကျွန်တော်က မိုးမလင်းခင်ကတည်းက အိပ်ယာထပြီး လုပ်စရာ အလုပ်လုပ်လိုက်၊ စိတ်ကစဉ်းစားလိုက်၊ သွားစရာရှိတာ သွားလိုက်၊ စိတ်က ခံစားကြည့်လိုက်၊ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်လိုက်၊ စိတ်ထဲမှာ ဓာတ်လမ်းဆင်လိုက်နဲ့၊ တစ်စက်မှ မနားခဲ့ရပါဘူးဗျာ … စိတ်တစ်လှည့် ရုပ်တစ်လှည့် သွက်သွက်လက်လက်နဲ့ သွက်လက်ဆိုတဲ့ ကောင်က မနားမနေ လုပ်နေတာလေ …။

ဟုတ်တယ် - ဟုတ် ။

"ဦးသွက်လက်ရေ သမီးကိုင်တဲ့ စက်က ဘာဖြစ်သွားလည်းမသိဘူး။ ကြည့်ပေးပါဦး"

"အေး အေး လာပြီဟေ့"

သွက်သွက်လက်လက်နဲ့ပဲ ကျွန်တော် မောင်သွက်လက် အမြန်ဆင်းခဲ့ရပါတော့သည်။



# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်မိတ်ဆက်နှင့် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဆွေးနွေးပွဲပြုလုပ်

**မိုင်းရှူး ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်များ မိတ်ဆက်နှင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၈ နာရီက မိုင်းရှူးမြို့၊ အခြေခံပညာအထက်တန်းကျောင်း ခရေဆောင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ်ဆရာမကြီးဒေါက်တာနီလာမြင့်က ၂၀၂၆ ခုနှစ်၊ မတ်လတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦးအား ထူးချွန် အောင်မြင်စေရန်၊ တက္ကသိုလ်ဝင်တန်းမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်းတို့ကို နားလည်စေရန် ဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မော်ကွန်းထိန်းဒေါ်စုမွန်လှဲ့က သင်တန်းရေးရာ၊ ပါမောက္ခ ဌာနမှူး ဒေါက်တာမာလာဟန်က ပထဝီဝင်၊ ပါမောက္ခ ဌာနမှူး ဒေါက်တာရီရီစိန်းက ဒဿနိကဗေဒ၊ ပါမောက္ခ ဌာနမှူး ဒေါက်တာ ခင်မျိုးသန့်က ဥပဒေပညာ၊ ပါမောက္ခ ဌာနမှူး ဒေါက်တာ ဆွေဆွေထွေးက အရှေ့တိုင်းပညာ၊ ပါမောက္ခ ဌာနမှူး ဒေါက်တာ ဒေါ်အေးအေးမာက ဘူမိဗေဒ ဘာသာ စသည့် ဘာသာရပ်အလိုက် မိတ်ဆက်ဆွေးနွေးခဲ့ကြပြီး ပါမောက္ခ၊ တွဲဖက်ပါမောက္ခများက မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် စီးပွားရေးပညာစသည့် ဘာသာရပ်များအလိုက် သင်ကြားပို့ချခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပင်လုံတက္ကသိုလ်ပါမောက္ခချုပ်၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခဌာနမှူးများ၊ သင်တန်းတက်ရောက်မည့် ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# Book Club အသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများ အသင်းတို့ပူးပေါင်း၍ Book Club အသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၁၀ နာရီက ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ပြုလုပ်ခဲ့သည်။




အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာဖတ်ရှုခြင်းဖြင့် ရရှိလာသော အသိပညာဗဟုသုတများကို စာဖတ်သူအချင်းချင်း အပြန်အလှန် ဆွေးနွေးနိုင်ရန်ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် Book Club အဖွဲ့ဝင်များက စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)ရေးသားထားသည့် "အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ" စာအုပ်တွင် ပါရှိသည့် အကြောင်းအရာများကို ဆွေးနွေးကြရာ Book Club အဖွဲ့ဝင် ဦးချစ်ထွေးက "အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ၊ ပညာရေးတက္ကသိုလ်၏ တစ်ထောင့်တစ်နေရာမှာ" ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် စာပေချစ်သူများကလည်း ဆွေးနွေးမှုများအပေါ် သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**




# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ပြုလုပ်

**အောင်လံ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက ကျောင်းသားလူငယ်များ ဗလငါးတန် ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရန်အတွက် ကျောင်းစာအပြင် ပြင်ပဗဟုသုတစာများကို ဖတ်ရှုကြရန်၊ ကျောင်းသား၊ ကျောင်းသူများအား ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အသိပညာ တိုးပွားစေမည့် စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များ ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ စုံလင်

## မမေ့ရင်ထဲ ဆောင်းရတုပွဲ

* ဟေမန္တ ဆောင်းရာသီ
ရောက်လာပြီ လူလေး ။
အနွေးထည် ဝတ်ဆင်ထားကွယ်
ချမ်းအား ပိုသေး ။
* နှင်းမှုန်တွေ မြေပြင်ဖွေး
သင်းပျံ့မွှေး သဇင်ရယ်
ဟေမန်ဆောင်းဝယ် ။
မြတ်ဘုရား ကပ်လှူမယ်
ရင်ထဲဝယ် စိတ်ကြည်နူး ။
အတိတ်ဆီ မျှော်ရည်ငေးလို့
လွမ်းတေး သီကျူး ။
* သဇင်တွေ ပွင့်ဝေဖူး
အလှထူး ဟေမန်အခါ ။
ရတနာပုံ မန္တလေး
ချမ်းအေးလျက်သာ ။
အချုပ်တန်း ဆရာဖေဟာ
ရေးစပ်ကာ ဘယ်မလွဲ ။
စာ၊ ပန်းချီ ခြယ်ကာသလို့
(အိုကွယ်)
ဆောင်းရတုပွဲ ။ ။

**ဇေျမ်းရွာကျောင်းအိုသား**

**မီးကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ။**

## နယ်လှည့်ကွင်းဆင်း ကျန်းမာရေးကုသခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်

**မြစ်သား ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် ကျန်တောကျေးရွာအတွင်းရှိ ပြည်သူများကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့်သားဖွားဆရာမများက နယ်လှည့်ကွင်းဆင်း၍ အခမဲ့ကျန်းမာရေးကုသခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ဒီဇင်ဘာ ၁၈ရက် နံနက် ၉ နာရီက ကုသဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့်သားဖွားဆရာမများက ကျန်တောကျေးရွာအတွင်းရှိ အထွေထွေရောဂါလူနာများ၊ ကိုယ်ဝန်ဆောင်နှင့် သားဖွားမီးယပ်လူနာများ၊ အရိုးအကြောလူနာများ၊ ကလေးငယ်များအပါအဝင် လူနာ ၉၇ ဦးအား ကျန်းမာရေးစောင့်ရှောက်ကုသပေးခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

# စမ်းသပ်မှုအတွက် ဂြိုဟ်တုတစ်စင်းကို အာကာသသို့ ပို့လွှတ်ရန် လောင်းမတ်ချ် ၅ သယ်ဆောင်ရေးဒုံးပျံတစ်စင်း တရုတ်လွှတ်တင်



**ပေကျင်း ဒီဇင်ဘာ ၂၁**

နည်းပညာစမ်းသပ်မှုပြုလုပ်မည့်ဂြိုဟ်တုတစ်စင်းကို အာကာသသို့ ပို့လွှတ်ရန်အတွက် လောင်းမတ်ချ် ၅ အမျိုးအစား အလွန်လေးလံသော သယ်ဆောင်ရေးဒုံးပျံတစ်စင်းကို တရုတ်နိုင်ငံက ဒီဇင်ဘာ၂၀ရက် ညနေပိုင်းတွင် လွှတ်တင်ခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အဆိုပါဒုံးပျံသည် ဟိုင်နန်ပြည်နယ်ရှိ ဝမ်ချန်းအာကာသလွှတ်တင်ရေးစင်တာမှ ည ၈ နာရီ ၃၀ မိနစ်တွင် ပျံတက်ခဲ့ခြင်းဖြစ်ပြီး ဆက်သွယ်ရေးနည်းပညာစမ်းသပ်မှုဂြိုဟ်တု ၂၃ ကို သတ်မှတ်ထားသော ပတ်လမ်းအတွင်းသို့ မကြာမီအချိန်အတွင်း ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိအသုံးပြုနေသော ကမ္ဘာ့စွမ်းအားအကောင်းဆုံး ဒုံးပျံများထဲမှ တစ်စင်းဖြစ်သည့် လောင်းမတ်ချ် ၅ ပုံစံငယ်ကို ပေကျင်းမြို့ရှိ တရုတ်ဒုံးပျံထုတ်လုပ်ရေးအကယ်ဒမီက ဒီဇိုင်းရေးဆွဲ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စနေ့နေ့က အသုံးပြုခဲ့သော ဒုံးပျံသည် ပုံမှန်လောင်းမတ်ချ် ၅ ပုံစံနှင့်နှိုင်းယှဉ်ပါက ဂြိုဟ်တုနှင့် အခြားဝန်တင်ပစ္စည်းများ ထည့်သွင်းသည့် ထိပ်ပိုင်းအကာအရံဖွဲ့စည်းပုံမှာ ပိုမိုရှည်လျားပြီး ၁၈ ဒသမ ၅ မီတာ အမြင့်ရှိသည်။

ပုံမှန်လောင်းမတ်ချ် ၅ ဒုံးပျံများ၏ ထိပ်ပိုင်းအကာအရံအမြင့်မှာ ၁၂ ဒသမ ၃ မီတာခန့် သာရှိသည်။

အဆင့်မြှင့်တင်ထားသော လောင်းမတ်ချ် ၅ ဒုံးပျံအမျိုးအစားသည် စုစုပေါင်းအမြင့် ၆၃ ဒသမ ၂ မီတာရှိသဖြင့် တရုတ်နိုင်ငံ၏ သမိုင်းတစ်လျှောက် အမြင့်ဆုံးသော ဒုံးပျံအမျိုးအစား ဖြစ်ကြောင်း သိရသည်။ **Mon**

# ဆန်ဖရန်စစ္စကိုမြို့၌ အိမ်ထောင်စု ၁၃၀၀၀၀ ခန့် လျှပ်စစ်ဓာတ်အားပြတ်တောက်

**ဆန်ဖရန်ဆစ္စကို ဒီဇင်ဘာ ၂၁**

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့အတွင်း ဒီဇင်ဘာ ၂၀ ရက်က ကြီးမားသည့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသဖြင့် အိမ်ထောင်စုနှင့် စီးပွားရေးလုပ်ငန်း ၁၃၀၀၀၀ ခန့်ကို ထိခိုက်စေခဲ့ကြောင်း သို့မဟုတ် ပစိဖိတ်ဓာတ်ငွေ့နှင့် လျှပ်စစ်ကုမ္ပဏီ (Pacific Gas and Electric Company–PG&E)က ဝန်ဆောင်မှုပေးသည့် အကြမ်းအားဖြင့် သုံးပုံတစ်ပုံကို ထိခိုက်စေခဲ့ကြောင်း သိရသည်။

မြို့အတွင်း နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က ပထမလျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပွားသည်ဟု ထုတ်ပြန်ထားပြီး ဒေသခံများနှင့် ဈေးဝယ်သူ ၁၅၀၀၀ ခန့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်စေကြောင်း PG&E ၏ ဝက်ဘ်ဆိုက်က ထုတ်ပြန်ထားသည်။

အလားတူ ဒုတိယအကြိမ် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမှာ နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က စတင်ဖြစ်ပွားပြီး ဈေးဝယ်သူ ၂၅၀၀၀ ခန့် ဓာတ်အားပြတ်တောက်မှုနှင့်ကြုံတွေ့ခဲ့ရကြောင်း သိရသည်။



မြို့အတွင်း ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက PG&E ဓာတ်အားခွဲရုံတစ်ခုအတွင်း မီးလောင်မှုဖြစ်ပွားသဖြင့် အနည်းငယ် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်စေခဲ့ကြောင်း ဆန်ဖရန်စစ္စကိုမီးသတ်ဌာနက ပြောကြားသည်။

ဆန်ဖရန်စစ္စကိုမြို့၌ လူပေါင်း ၁၃၀၀၀၀ မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သည့်အတွက် မြို့တာဝန်ရှိသူများနှင့် အတူ ဆောင်ရွက်ခဲ့ကြောင်း လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် PG&E က ပြောကြားသည်။

ဆင်ဟွာ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ




# အရှိန်ပြင်းစွာမောင်းနှင်လာသော အိန္ဒိယမီးရထားတစ်စီး ဆင်အုပ်ကို ဝင်တိုက်မိ၊ ဆင်ရိုင်း ခုနစ်ကောင် သေဆုံး

**ဒေလီ ဒီဇင်ဘာ ၂၁**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် အရှိန်ပြင်းစွာမောင်းနှင်လာသော ရထားတစ်စီးသည် ရထားသံလမ်းကို ဖြတ်ကူးနေသည့် ဆင်အုပ်ကို ယမန်နေ့ကတိုက်မိခဲ့သဖြင့် ဆင်ကလေးများအပါအဝင် အာရှတောဆင်ရိုင်း ခုနစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

အာသံပြည်နယ်၊ ဟိုဂျိုင်းခရိုင်တွင် ဒီဇင်ဘာ ၂၀ ရက် အစောပိုင်းက ဖြစ်ပွားခဲ့သော အဆိုပါဖြစ်ရပ်အတွင်း အခြားဆင်ကလေးတစ်ကောင်လည်း ဒဏ်ရာရရှိခဲ့သည်ဟု ဒေသန္တရတာဝန်ရှိသူများက ပြောကြားသည်။

အရှေ့မြောက်နယ်စပ် မီးရထားဌာန၏ ထုတ်ပြန်ချက်အရ ရထားမောင်းသူသည် ဆင်အုပ်ကြီးကို မြင်တွေ့ခဲ့သဖြင့် အရေးပေါ်ဘရိတ်ကိုအသုံးပြု၍ ရပ်တန့်ခဲ့သော်လည်း ဆင်အချို့ကို တိုက်မိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဒေလီမြို့သို့ ဦးတည်မောင်းနှင်နေသော အမြန်ရထားသည် ဆင်များနှင့်တိုက်မိပြီးနောက် တွဲပေါင်းငါးတွဲ လမ်းချော်ခဲ့သော်လည်း ခရီးသည်များနှင့် ရထားဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ပေ။ ယင်းဖြစ်ပွားမှုကြောင့် ထိုနေ့အတွင်း ရထားခရီးစဉ်အချို့ကို ဖျက်သိမ်းခြင်းနှင့် လမ်းကြောင်းပြောင်းလဲခြင်းများ ပြုလုပ်ခဲ့ရသည်။

သေဆုံးသွားသော ဆင်များကို တိရစ္ဆာန်ဆေးကုဆရာဝန်များက စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြသည်။

အာသံပြည်နယ်သည် အိန္ဒိယနိုင်ငံတွင် ဆင်ကောင်ရေအများဆုံးရှိသည့် ဒေသတစ်ခုဖြစ်ပြီး ဆင်ကောင်ရေ ၆၀၀၀ နီးပါးခန့်ရှိကြောင်း သိရသည်။

**Mon**

# သီရိလင်္ကာ၌ 5 G အဆင့် ဆက်သွယ်ရေးကွန်ရက် စတင်တည်ထောင်

**ကိုလံဘို ဒီဇင်ဘာ ၂၁**

သီရိလင်္ကာနိုင်ငံရှိ မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်း နှစ်ခုက နိုင်ငံအတွင်း 5 G အဆင့် ဆက်သွယ်ရေးကွန်ရက်ကိုစတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

**သရုပ်ပြဆောင်ရွက်**

မြန်နှုန်းမြင့် အင်တာနက်စနစ်၊ ဆက်သွယ်ရေး ကွန်ရက်မြန်ဆန်ခြင်းနှင့် ဂိမ်းကစားခြင်းအပါအဝင် ဆက်သွယ်ရေးဝန်ဆောင်မှုများပါဝင်သည့် 5 G ဆက်သွယ်ရေးကွန်ရက်ကို မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းဖြစ်သည့် အက်စ်အယ်လ်တီမိုဗီတယ်က သရုပ်ပြဆောင်ရွက်ခဲ့သည်။ 5 G ဆက်သွယ်ရေးကွန်ရက်တွင် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုထားပြီး အင်တာနက်ကို လွယ်လွယ်ကူကူ အသုံးပြုနိုင်ကြောင်း ၎င်းလုပ်ငန်းတာဝန်ရှိသူ မိုသီလာဒီဆီဗာက ပြောသည်။

အခြားမိုဘိုင်း ဆက်သွယ်ရေးလုပ်ငန်းဖြစ်သည့် ဒိုင်ရာလော့ဂ်ကလည်း ၎င်း၏ ဝန်ဆောင်မှုများကို ဒီဇင်ဘာ ၁၈ ရက်က စတင်မိတ်ဆက်ခဲ့သည်။ ၎င်းလုပ်ငန်းထံတွင် သုံးစွဲသူ ၁ ဒသမ ၅ သန်းအား ဝန်ဆောင်မှုပေးနေသည့် အင်တာနက်ကွန်ရက်ရှိကြောင်း သိရသည်။ 5 G ဆက်သွယ်ရေးကွန်ရက်သည် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းအတွက် အရေးကြီးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# တရုတ်နိုင်ငံနှင့် အာဖရိကဒေသကြား တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်

**အဒစ်အဘာဘာ ဒီဇင်ဘာ ၂၁**

တရုတ်နိုင်ငံနှင့် အာဖရိကဒေသကြား တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာတွင်ကျင်းပသည့် တိရစ္ဆာန်မွေးမြူရေးသိပ္ပံနှင့်နည်းပညာဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းသည် အာဖရိကဒေသရှိကျေးလက်နေဒေသခံများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် အရေးကြီးကြောင်း အာဖရိကသမဂ္ဂ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဌာနမှ တာဝန်ရှိသူ မိုးဇတ်ဗီလာခါတီက ပြောသည်။

တရုတ်နိုင်ငံနှင့်အာဖရိကဒေသကြား တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းတွင် အတွေ့အကြုံနှင့် နည်းပညာဖလှယ်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ တရုတ်နိုင်ငံ၏ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းသည် နည်းပညာနှင့် လုပ်ငန်းဆိုင်ရာ အရည်အသွေးတွင် ထိပ်တန်းနေရာတွင်ရှိသောကြောင့် နှစ်ဖက်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း အာဖရိကသမဂ္ဂဆိုင်ရာ တရုတ်တာဝန်ရှိသူ ဂျင်ဖန်းက ပြောသည်။ ယခုကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲအရ အာဖရိကဒေသ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာစေရေးအတွက် တရုတ်နိုင်ငံက ပူးပေါင်းဆောင်ရွက်မှုပြုရန် အခွင့်အရေးများရရှိခဲ့ကြောင်း သိရသည်။

တရုတ် ကိုယ်စားလှယ်အဖွဲ့သည် ဉာဏ်ရည်တုနည်းပညာကိုအသုံးပြုသည့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ တိရစ္ဆာန်များမှ ကူးစက်သောရောဂါကာကွယ်ထိန်းချုပ်ရေး နည်းပညာများနှင့် တိရစ္ဆာန်များတွင်ဖြစ်ပွားသည့် ရောဂါကာကွယ်ဆေးစက်ရုံ တည်ထောင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# အလင်းမှသည် လျှပ်စစ်စွမ်းအင်ဆီသို့ (၂)

မောင်မောင်စွယ်စုံထွန်း

ယခုအခါ ဂျပန်နိုင်ငံသည် သရုပ်ပြဂြိုဟ်တုတစ်ခုဖြင့် အဆိုပါနည်းပညာသစ်ကို စတင်စမ်းသပ်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး အဆိုပါအစီအစဉ်သည် အာကာသမှ ကမ္ဘာမြေသို့ စွမ်းအင်ကို ဘေးအန္တရာယ်ကင်းစွာနှင့် ထိရောက်စွာ ပေးပို့နိုင်ကြောင်း သက်သေပြရန်အတွက် ဒီဇိုင်းထုတ်ထားသောအတိုင်းအတာအားဖြင့် သေးငယ်သော မစ်ရှင်တစ်ခုလည်း ဖြစ်ပါသည်။ လက်ရှိတွင် စမ်းသပ်ဆဲအဆင့်ဖြစ်သော်လည်း ဤစီမံကိန်းသည် အနာဂတ်စွမ်းအင်ဖြေရှင်းချက်များဆီသို့ ကြီးမားသော ခြေလှမ်းတစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံကို သန့်ရှင်းသောစွမ်းအင်အတွက် ဆန်းသစ်တီထွင်မှုတွင် ဦးဆောင်သူအဖြစ် နေရာရယူလာစေနိုင်ပါသည်။ အဆိုပါစနစ်သာ အောင်မြင်ခဲ့ပါက အာကာသအခြေပြုဆိုလာအလင်းစွမ်းအင်သည် ကမ္ဘာကြီး၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပုံစံကို များစွာပြောင်းလဲလာစေနိုင်ပြီး အနာဂတ်အတွက် သန့်ရှင်းသည့် စွမ်းအင်ထောက်ပံ့မှုကို ပေးစွမ်းလာစေနိုင်တော့မည်လည်း ဖြစ်သည်။

အလင်းစွမ်းအင်သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များထဲ၌ ကမ္ဘာပေါ်တွင် အပေါများဆုံးနှင့် အလွယ်တကူရရှိနိုင်ဆုံးသော အရင်းအမြစ်များထဲမှ တစ်ခုဖြစ်သည်။ ထို့ကြောင့်ပင် ထူးခြားဆန်းသစ်သောနည်းပညာသစ်များစွာဖြင့် အလင်း၏စွမ်းအားကို နည်းအမျိုးမျိုးဖြင့် အသုံးချ၍ ရနိုင်စေရန် ကြိုးပမ်းလျက်ရှိခြင်းလည်း ဖြစ်ပါသည်။ Photovoltaic (PV) Panel များသည် နေရောင်ခြည်ကို လျှပ်စစ်စွမ်းအင်အဖြစ်သို့ ပြောင်းလဲပေးပါသည်။ ဆိုလာအပူပြားများသည် အပူထုတ်လုပ်ရန် နေ၏စွမ်းအင်ကို အသုံးပြုသည်။ မှန်များကို အသုံးပြု၍ စုစည်းထားသည့် နေရောင်ခြည်စွမ်းအင်သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်သာမက အပူစွမ်းအင်နှင့် ရေနွေးငွေ့စွမ်းအင်များကိုပင် ရရှိစေနိုင်သည်။

၂၀၀၈ ခုနှစ်တွင် ဆိုလာဆဲလ်ခေါ် Photovoltaic သည် ဥရောပ၌ လျှပ်စစ်ဓာတ်အားလိုအပ်ချက်၏ ၁ ရာခိုင်နှုန်းမျှကိုသာ ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုအခါ ဥရောပသမဂ္ဂ (အီးယူ) တွင် ၁၀ ရာခိုင်နှုန်းနှင့် ဂရိတွင် ၂၃ ရာခိုင်နှုန်း၊ စပိန်တွင် ၁၉ ရာခိုင်နှုန်းနဲ့ ဂျာမဏီတွင် ၁၆ ရာခိုင်နှုန်းအထိ တိုးတက်ထုတ်လုပ်နိုင်လာခဲ့ပြီ ဖြစ်ပါသည်။ အလင်းစွမ်းအင်က ဥရောပတွင် တိုးတက်မှုအမြန်ဆုံးစွမ်းအင်ရင်းမြစ်တစ်ခုလည်း ဖြစ်လာနေပါသည်။ အိမ်ထောင်စုပေါင်း ၄၂ သန်းဝန်းကျင်ကို လျှပ်စစ်ဓာတ်အားပေးနိုင်သည့် 150 GW နီးပါးကို ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်းတွင် ပင်မဓာတ်အားလိုင်းများထဲသို့ ထည့်သွင်းနိုင်ခဲ့ပြီး ၂၀၂၅ နှစ်အကုန်တွင် နောက်ထပ် 70 GW ကို ထည့်သွင်းနိုင်လိမ့်မည်ဟုလည်း မျှော်မှန်းထားကြသည်။

၂၀၃၀ ခုနှစ်တွင် အီးယူက အနည်းဆုံး အလင်းမှ လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းသည် 700 GW အထိ ရောက်ရှိနိုင်ရန် ရည်မှန်းထားကြပြီး ၂၀၂၀ ခုနှစ်ကထက် လေးဆပိုလာနိုင်မည်ဟုလည်း ပြောပါသည်။ အလင်းစွမ်းအင်၏ လျင်မြန်စွာ ကျယ်ပြန့်လာမှုနှင့်အတူ အခြားရာသီဥတုဆိုင်ရာ အကျိုးခံစားခွင့်များစွာ ရှိနေသော်လည်း နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲများစွာရှိနေဆဲဖြစ်ပြီး ပြည်သူများအနေဖြင့် ကျယ်ပြန့်စွာအသုံးပြုနိုင်မှုမှာ အားနည်းနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အလင်းမှ လျှပ်စစ်ထုတ်လုပ်မှုစနစ်များသည် ဘေးကင်းလုံခြုံမှုရှိ၍ အကျိုးကျေးဇူးများစွာရရှိခံစားရစေနိုင်ကြောင်း ကျယ်ပြန့်စွာ အသိပညာပေးရန် အထူးလိုအပ်လျက်ရှိဆဲဖြစ်ပါသည်။ အောက်ပါအချက်များသည် အလင်းစွမ်းအင်၏ အကျိုးကျေးဇူး များစွာအနက်မှ သိသာထင်ရှားသော အကျိုးကျေးဇူးများ ဖြစ်ပါသည်-

**(၁) Photovoltaic စနစ်များသည် ဘေးကင်းခြင်း။**

တိမ်ထူသောနေ့များ၌ပင် ပြန်လည်ပြည့် ဖြိုးမြဲလျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သောကြောင့် အလင်းစနစ်သုံးဆိုလာပြားများသည် သင့်အိမ် (သို့မဟုတ်)အလုပ်ဌာနအတွက် အလွန်ကောင်းမွန်သော စွမ်းအင်အသစ်တစ်မျိုးပင် ဖြစ်ပါသည်။ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်လာလျှင် ၄င်းတို့သည် အယုံကြည်ရဆုံးနည်းပညာများထဲတွင် ပါဝင်ပါသည်။ မည်သည့်လျှပ်စစ်ပစ္စည်းမဆို မီးလောင်နိုင်သည့်အန္တရာယ်ရှိသော်လည်း ဆိုလာတပ်ဆင်ခြင်းဆိုင်ရာ ဖြစ်ရပ်များတွင်မူ မီးလောင်မှုအလွန်နည်းပါးလှပါသည်။ ဆိုလာပြားများကြောင့် မီးလောင်မှု ဖြစ်ပွားနိုင်မှုသည် ၀ ဒသမ ၀၀၆ ရာခိုင်နှုန်းမှ ၀ ဒသမ ၀၁၄ ရာခိုင်နှုန်းအတွင်းသာ ဖြစ်ပွားနိုင်ပြီး သာမန်အိမ်သုံးပစ္စည်းများထက်ပင် သိသိသာသာနည်းပါးလှပါသည်။ ပြဿနာဖြစ်ခြင်းသည် ပုံမှန်အားဖြင့် ဆိုလာနည်းပညာကြောင့် မဟုတ်ဘဲ တပ်ဆင်မှု ညံ့ဖျင်းခြင်း သို့မဟုတ် ချို့ယွင်းနေသော လျှပ်စစ်အစိတ်အပိုင်းများနှင့် ချိတ်ဆက်အသုံးပြုထားခြင်းတို့ကြောင့်သာ ဖြစ်ပါသည်။

**(၂) ဆိုလာပြားများသည် နေရာအနည်းငယ်သာ ယူခြင်း။**

အလင်းစွမ်းအင်သည် ပုံသဏ္ဍာန်နှင့် အရွယ်အစားများစွာဖြင့် ရရှိနေပါသည်။ အလင်းစွမ်းအင်သုံး **Photovoltaic** များနှင့် ဆိုလာအပူပြားများကို ခေါင်မိုးများနှင့် လသာဆောင်များကဲ့သို့သော ကျစ်လျစ်သောနေရာများတွင် တပ်ဆင်နိုင်ပြီး ဆိုလာအမိုးကြွေပြားများ သို့မဟုတ် မျက်နှာစာနေရာများအဖြစ် အဆောက်အအုံများတွင် ပေါင်းစပ်နိုင်ပါသည်။ အချို့သော EU နိုင်ငံများတွင် အိမ်ပိုင်ရှင်များနှင့် အိမ်ငှားများသည် လသာဆောင်လက်ရန်းများ၊ နံရံများ သို့မဟုတ် လှေကားထစ်များတွင် ပလပ်အင်ဆိုလာပြားများကို တပ်ဆင်ထားတတ်ကြပါသည်။ ဤစနစ်များသည် အိမ်သုံးလျှပ်စစ်ဓာတ်အားစနစ်နှင့် တိုက်ရိုက်ချိတ်ဆက်ကာ သန့်ရှင်းသော လျှပ်စစ်ဓာတ်အားကိုကိုယ်တိုင်အသုံးပြုရန် ပံ့ပိုးပေးကာ စွမ်းအင်ကုန်ကျစရိတ်များကို လျှော့ချရန် ကူညီပေးနိုင်သည့် တစ်ခုတည်းသော စွမ်းအင်ဖြစ်သည်။

ဆိုလာပြားမှ ရလာသည့် ပိုလျှံလျှပ်စစ်စွမ်းအင်ကို သင့်ပတ်ဝန်းကျင်တွင် မျှဝေသုံးလို့ရသလို အစိုးရ၏ ပင်မဓာတ်အားလိုင်းထဲသို့ ထည့်သွင်းခြင်းဖြင့်လည်း ဝင်ငွေများစွာ ရနိုင်ပြန်ပါသည်။ လျှပ်စစ်စွမ်းအင်ရဖို့သည် ကိုယ်တိုင်တပ်ဆင်စရာမလိုဘဲနှင့်လည်း ပတ်ဝန်းကျင်က ဆိုလာပြားများထံမှလည်းရယူနိုင်ပါသည်။ ဆိုလာ



ခင်းကြီးများသည် နေရာကျယ်ကျယ်လိုသည်မှာ မှန်သော်လည်း ရသည့်လျှပ်စစ်ပမာဏသည် လိုသည်ထက် ပိုနေသည်ကို တွေ့ရှိရပါသည်။ လေယာဉ်ကွင်းတစ်ကွင်းစာလောက်ရှိသည့် ဆိုလာခင်းတစ်ခုသည် အိမ်ထောင်စု ခုနစ်သောင်းကျော်ကို တစ်နှစ်ပတ်လုံး မီးပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

**(၃) ဆိုလာခင်းများသည် သဘာဝတောရိုင်းများနှင့် အလိုက်သင့်ဖြစ်ခြင်း။**

နေရောင်ခြည်နှင့်အလင်းနည်းပညာများကို အသုံးပြုခြင်းသည် သဘာဝပတ်ဝန်းကျင်အပေါ် များစွာသက်ရောက်မှုရှိပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် တောရိုင်းမျိုးစိတ်များ ကွယ်ပျောက်လာခြင်းကို အကာအကွယ်ဖြစ်စေဖို့ရန် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချပေးခြင်းသာ ဖြစ်ပါသည်။ နေရောင်ခြည်စွမ်းအင်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသည် ရုပ်ကြွင်းလောင်စာများမှထွက်ရှိသော လျှပ်စစ်ဓာတ်အားကို အစားထိုးခြင်းဖြင့် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန်အတွက် များစွာအသုံးဝင်လှပါသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ၄င်းတို့သည် ကမ္ဘာကြီးပူနွေးလာမှုနှင့် တောရိုင်းတိရစ္ဆာန်များအတွက် ကြီးထွားလာနေသော ခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

နေရောင်ခြည်နှင့်အလင်းစွမ်းအင် အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးချဲ့ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်သည့်လုပ်ငန်းတစ်ရပ် ဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးသည် အမြဲယှဉ်တွဲပြီး ပါလာတတ်ပါသည်။ မည်သို့ဆိုစေကာမူ ခေါင်မိုးပေါ်ရှိ ဆိုလာသည် လျင်မြန်စွာတပ်ဆင်နိုင်ပြီး သုံးစွဲသူများအား စွမ်းအင်ဈေးနှုန်းမတည်ငြိမ်မှုမှ ကာကွယ်ပေးနိုင်စေကာ မြေယာနှင့် ဇီဝမျိုးစုံမျိုးကွဲပဋိပက္ခများကိုလည်း ရှောင်ရှားနိုင်စေပါသည်။

**(၄) နေရောင်ခြည်နှင့်အလင်းစွမ်းအင်က လူတိုင်းတတ်နိုင်သည့် အနေအထားဖြစ်လာခြင်း။**

နေရောင်ခြည်နှင့် အလင်းစွမ်းအင်သည် ပို၍ဈေးသက်သာသော အခြားရွေးချယ်စရာတစ်ခုလည်း ဖြစ်နိုင်စရာရှိလာနေပါသည်။ နိုင်ငံတကာစွမ်းအင်အေဂျင်စီ၏အဆိုအရ ဆိုလာသည် ယခုအခါ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် အသက်သာဆုံးရွေးချယ်စရာများစွာထဲမှ တစ်ခုဖြစ်လာနေပြီဟု သိရပါသည်။ Photo- Voltaic နှင့် Focused Solar Power နှစ်မျိုးလုံးသည် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း၌ ဆိုလာစွမ်းရည်အသစ်များအဖြစ် တည်ဆောက်သည့်ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာခဲ့ပြီ ဖြစ်ပါသည်။ ယခုအခါ ဆိုလာမှ လျှပ်စစ်ဓာတ်အားသည် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထက် ထက်ဝက်ခန့်သာ ကုန်ကျစရိတ်ရှိပါတော့သည်။ ကုန်ကျစရိတ်ကာမိခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှု နည်းပါးခြင်းတို့သည် စွမ်းအင်လွတ်လပ်မှုကို ပိုမိုအားကောင်းလာစေမှာသာ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အလင်းသည် အခြေအနေအချိန်အခါအရ ပြောင်းလဲနိုင်သော စွမ်းအင် အရင်းအမြစ်တစ်ခုဖြစ်နေဆဲဖြစ်၍ လျှပ်စစ်ဓာတ်အားလိုင်းများကို စီမံခန့်ခွဲခြင်းနှင့် လည်ပတ်ခြင်းအတွက် တာဝန်ရှိသည့် ဂရစ်အော်ပရေတာများအနေဖြင့် အဆိုပါလျှပ်စစ်စနစ်များ၏ ယုံကြည်စိတ်ချရမှုနှင့် ပြောင်းလွယ်၊ ပြင်လွယ်ရှိစေမှုတို့အတွက် လိုအပ်ချက်များစွာကတော့ ရှိနေဆဲဖြစ်ပါသည်။ သို့သော် ဗဟိုဂရစ်စနစ်နှင့် မထိန်းချုပ်ဘဲ သီးခြားဂရစ်စနစ်များဖြင့် လွယ်ကူစွာ တည်ဆောက်ဓာတ်အားဖြန့်ဖြူးပေးနိုင်သဖြင့် သုံးစွဲသူများစွာက အဆိုပါအခြေအနေတစ်ရပ်ကိုသာ ဖန်တီးနိုင်လာပြီဆိုပါက တစ်နည်းဆိုရသော် အလင်းမျိုးစုံမှ လျှပ်စစ်ထုတ်လုပ်သည့် ကိုယ်ပိုင်လျှပ်စစ်စနစ်များကို ပိုမိုတွင်ကျယ်စွာ အသုံးပြုလာပါက အလင်းစွမ်းအင်မျိုးစုံက ကမ္ဘာကြီး၏ စွမ်းအင်လိုအပ်ချက်များကို အများဆုံးဖြည့်ဆည်းပေးသွားနိုင်မှာဖြစ်သည်။ အလင်းစွမ်းအင်သုံး ကိုယ်ပိုင်လျှပ်စစ်စနစ်များကို ပိုမိုတွင်ကျယ်စွာ အသုံးပြုကြခြင်းဖြင့် မှီခိုမှုကင်းသော အလင်းလျှပ်စစ်စွမ်းအင်အား ပိုမိုအသုံးပြုနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

**Ref:(1) Scientific Report of Renewable Photonic Energy Research from Google.**
**(2) ESG News from Google.**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်လျက်ရှိ

**ပျော်ဘွယ် ဒီဇင်ဘာ ၂၁**

ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံအသိပေးနှိုးဆော်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်အသိပေးနှိုးဆော်လျက်ရှိသည်။



အသိပေးနှိုးဆော်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မိဘပြည်သူများအနေဖြင့် မီးဖိုအသုံးပြုရာ၌ လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်များ၊ မီးကြွင်းမီးကျန်မှတစ်ဆင့် လောင်ကျွမ်းမှုမဖြစ်စေရေးအကြောင်းအရာများ၊ လျှပ်စစ်မီးဖိုအသုံးပြုရာတွင် သတိထားရမည့်အချက်များ၊ အိမ်တွင်းသွယ်တန်းထားသည့် လျှပ်စစ်ဝါယာကြိုးများ ပျက်စီးမှုရှိပါက ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် မီးသတ်ဆေးဘူး၊ သဲ၊ ရေ၊ လှေကား၊ မီးချိတ်၊ မီးကပ်စသည်တို့ကို အသင့်ထားရှိရေးတို့ကို အသိပေးနှိုးဆော်ခဲ့ရှိကြောင်း သိရသည်။

(ဝဲပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

* - * - * - * - * - *



# မီးဘေးလုံခြုံမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၁**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် MEVM မဲပေးစက်များ ထိန်းသိမ်းထားရှိသည့် မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ)နှင့် မြို့မရဲစခန်းတို့၌ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်လုံခြုံစိတ်ချမှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ မီးသတ်စခန်းမှူး ဦးသက်နိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့များက မီးငြိမ်းသတ်ရေးပစ္စည်းနှင့် မီးသတ်ဆေးဘူးများထားရှိမှု၌ ကောင်းမွန်ခြင်း ရှိ၊ မရှိ လျှပ်စစ်မီးသွယ်တန်းထားရှိမှု အခြေအနေများ၊ မီးသတ်ရေကန်များအတွင်း ရေဖြည့်တင်းထားမှု ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မီးဘေးအန္တရာယ်များ ကင်းရှင်းစေရေး ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် လိုက်နာရမည့်အချက်များအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိသနိုးမြေ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စက်သုံးဆီဆိုင် မီးလောင်မှုဖြစ်ပွား

**တောင်ကြီး ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးပေါ်မှ စက်သုံးဆီဆိုင်တစ်ခုတွင် GENLYON နောက်တွဲယာဉ် အဖြူရောင် ၁၂ ဘီးယာဉ်ပေါ်မှ စက်သုံးဆီများအား ပီပါအတွင်းသို့ ဆီထည့်ရာမှ တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ တောင်ကြီးခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များသည် 3 Kg DCP မီးသတ်ဆေးဘူး ၁၀ ဘူး၊ 35 Kg DCP မီးသတ်ဆေးဘူး ၂ ဘူး၊ Foam အမြှုပ်မီးသတ်ဆေးရည် ၃၅၀ ဂါလန်၊ မီးသတ်ယာဉ် ၁၃ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ဦးဇော်ထွန်း(၃၅)နှစ် မီးလောင်ဒဏ်ရာ(မစိုးရိမ်ရ)၊ ဒေါ်ခင်ဝင်းဌေး(၅၄)နှစ် မီးလောင်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ GENLYON နောက်တွဲယာဉ်အဖြူရောင် ၁၂ ဘီးမော်တော်ယာဉ်တစ်စီး၊ 92 ဓာတ်ဆီပီပါအလုံး ၅၀ခန့်၊ ဒီဇယ်ပီပါ ၁၅လုံးခန့်၊ ၂၀×၂၀ ပေ၊ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အဆောက် အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ရာ အေးသာယာနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**လားရှိုး ဒီဇင်ဘာ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ ရှမ်းခိုလောင်လမ်းနှင့် သစ္စာလမ်းထောင့်တွင် လားရှိုးမြို့နယ်၊ မိုင်းယော်ကျေးရွာနေ စိုင်းစံအောင်(၃၇)နှစ်ဆိုသူ မောင်းနှင်လာသော HONDA CIVIC မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂,၀၀၀ ပြားအား ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)နေ အိုက်ဆာထွန်း (၅၆)နှစ်ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁,၆၀၀ ပြားအား ထပ်မံဖမ်းဆီးရမိသဖြင့် စိုင်းစံအောင်နှင့် အိုက်ဆာထွန်းဆိုသူတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**စစ်ကိုင်း ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၈ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းမြို့၊ မန္တလေး-မုံရွာ ကားလမ်းပေါ်ရှိ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးနေစဉ် အမရပူရမြို့နယ်၊ တိုးချဲ့(၃)ရပ်ကွက်နေ စိုးမိုးဦး (၄၁)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA FIT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စိုးမိုးဦးဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။




**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

* - * - * - * - * - *

## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**တောင်ငူ ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၈ရက် မွန်းလွဲ ၃ နာရီခွဲတွင် တောင်ငူမြို့၊ (၂၂)ရပ်ကွက်နေ မောင်မောင်ဦး (၆၂)နှစ်ဆိုသူ၏ နေအိမ်၌နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တောင်ငူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နေအိမ်ဈေးဆိုင်အတွင်း၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မောင်မောင်ဦးအား တောင်ငူမြို့မရဲစခန်းတွင် လောင်းကစားဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

* - * - * - *

* - * - * - * - * - *

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်း တစ်နာရီ ၄၈ ကီလိုမီတာအတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

❖ NCA ကို လက်မှတ်ရေးထိုးရခြင်းရဲ့ရည်ရွယ်ချက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေး၊ ရသင့်ရထိုက်သော တိုင်းရင်းသားများ၏အခွင့်အရေးနှင့် ဒီမိုကရေစီအရေးအတွက်ပဲ ဖြစ်ပါတယ်။ ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၄၈၅ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃)နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၈၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၀ သို့ ❖



တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်ခိုအောင်းနေထိုင်သည့် အဆောက်အအုံများ ရှင်းလင်းနေမှုကို တွေ့ရစဉ်။

## အာဆီယံ ယူ- ၁၉နှင့် ယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာလူငယ်ဖူဆယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကစားမည်




ရန်ကုန် ဒီဇင်ဘာ ၂၁

ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာဆီယံ ယူ-၁၉ နှင့် ယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ယူ-၁၉ ဖူဆယ်အသင်းနှင့် ယူ-၁၆ ဖူဆယ်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးကျော်စိုးမိုးက တာဝန်ယူကိုင်တွယ်လျက်ရှိပြီး မြန်မာယူ-၁၉ ဖူဆယ်အသင်းသည် အုပ်စု(ခ)တွင် အင်ဒိုနီးရှား၊ မလေးရှား အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ယူ-၁၆ အသင်းကို နည်းပြချုပ်အဖြစ် ဦးကျော်ဇင်ညွန့်က တာဝန်ယူကိုင်တွယ်လျက်ရှိပြီး ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်း အသင်းတို့နှင့် အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် လာမည့် ဒီဇင်ဘာ ၂၄ ရက်တွင် မလေးရှားအသင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် လာမည့် ဒီဇင်ဘာ ၂၃ ရက်တွင် အင်ဒိုနီးရှား၊ ဒီဇင်ဘာ ၂၄ ရက်တွင် ထိုင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် ဗီယက်နမ်၊ ဒီဇင်ဘာ ၂၆ ရက်တွင် ဘရူနိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0

## စပိန်လာလီဂါ (ပွဲစဉ်-၁၇)တွင် အက်သလက်တီကို၊ ဘာစီလိုနာတို့ နိုင်ပွဲကိုယ်စီရရှိ

မက်ဒရစ် ဒီဇင်ဘာ ၂၁

စပိန်လာလီဂါ (ပွဲစဉ်-၁၇)ကို ယနေ့ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုမက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းတို့ အသီးသီး နိုင်ပွဲ ကိုယ်စီရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီခွဲက အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ဂျီရိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်သလက်တီကိုမက်ဒရစ် အသင်းက ဂျီရိုနာအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ကိုကီ၊ ဂယ်လင်ဟာ၊ ဂရစ်ဇ်မန်းတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်က ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ ပွဲစဉ်တွင်လည်း ဘာစီလိုနာအသင်းက ဗီလာရီးရဲလ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)

